မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (သို့မဟုတ်) ဝါဆိုလပြည့်နေ့၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၈၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှ နည်းပညာနှင့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်
စက်မှုထုန်များ အရည်အသွေး မြင့်မားလာစေရေး ကြပ်မတ်ဆောင်ရွက်

အမှာစကားပြောကြား

အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၂/၂၀၁၁) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံတော်သမ္မတ၏ လုပ်ငန်းလမ်းညွှန်ချက်ကို အခြေခံပြီး စက်မှုနိုင်ငံ ထူထောင်နိုင်ရေးအတွက် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တစ်ဖက်မှ ဆောင်ရွက်ရင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှသာ နည်းပညာနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှု လျော့နည်းစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုင်းပြည်ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကနှင့် အများပိုင် အခန်းကဏ္ဍတို့ကို မြှင့်တင်ခြင်းနှင့် စက်မှုဇုန်၏အခန်းကဏ္ဍ ပိုမိုတိုးတက်လာစေရေး၊ အရည်အသွေး မြင့်မားလာစေရေးတို့အတွက် စည်းကမ်းတကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများတွင် သုံးဦးသုံးဖလှယ် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၂/၂၀၁၁) အစည်းအဝေးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းများကို ပီပီပြင်ပြင် ခွဲခြားဆောင်ရွက်သွားနိုင်ရန် ဖွဲ့စည်းသွားမည့် စက်မှုလုပ်ငန်းတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ လယ်ယာသုံးပစ္စည်းထုတ်လုပ်မှု စာမျက်နှာ ၉ ကော်လံ ၃ ❐

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် Launching Ceremony of Lancet Series on Health in Southeast- Asia ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စေရေး ဆောင်ရွက်လျက်ရှိ
ဒေသအတွင်း ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ပိုမိုပူးပေါင်းဖော်ဆောင်

နေပြည်တော် ဇူလိုင် ၁၄

ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုသမိုင်းတွင် မှတ်တမ်းတစ်ခု ဖြစ်ပါကြောင်း၊ ယင်းသည် အရှေ့တောင်အာရှဒေသတွင် ပထမဦးဆုံးခြေလှမ်းဖြစ်ပါကြောင်း၊ လက်ရှိကျန်းမာရေးအခြေအနေများ၊ ယင်းနှင့်ဆက်နွှယ်လျက်ရှိသည့် အချက်များနှင့် ကျန်းမာရေးအခြေအနေ တိုးတက်လာစေရေးအတွက် အခွင့်အလမ်းများကို ဖော်ပြထားပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုအခါ မွေးကင်းစ မေးခိုင်ရောဂါ ပပျောက်ရေးနှင့် ဝက်သက်ရောဂါ ပပျောက်ရေးလုပ်ငန်းများ၊ ကူးစက်ရောဂါနှင့် မကူးစက်တတ်သောရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူအားလုံး ဆင်းရဲချမ်းသာမရွေး ကျေးလက်/မြို့ပြမကျန် ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်စေရေး ဆောင်ရွက်လျက်ရှိရာ ယခုအစီရင်ခံစာအရ လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို တွေ့ရမည်ဖြစ်ကြောင်း၊ အစီရင်ခံစာတွင် ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ်အတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကိုလည်း ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် လူမှုရေး၊ ဒေသအခြေအနေ၊ ဘာသာရေး၊ စီးပွားရေးတို့တွင် အားသာချက်၊ အားနည်းချက်များ ကိုယ်စီရှိနေကြောင်း၊ သို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းသည် တစ်ဦးနှင့်တစ်ဦး နားလည်ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းဖြစ်ပါကြောင်း၊ အစီရင်ခံစာအနေဖြင့် ကျန်းမာရေးစနစ်တစ်ခုလုံးကို ရှုထောင့်အမျိုးမျိုးမှ ဖော်ပြထားပါကြောင်း၊ သို့ဖြစ်ရာ ဒေသအတွင်း ကျန်းမာရေးဆိုင်ရာလုပ်ငန်း ပိုမိုပူးပေါင်းဆောင်ရွက်ရန်ရှိနေသည်ကို အထင်အရှား တွေ့မြင်နေရပါကြောင်း၊ အထူးသဖြင့် နယ်စပ်ဖြတ်ကျော် ကျန်းမာရေးပြဿနာများ၊ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ၊ ကျန်းမာရေးအရင်းအမြစ်များ စာမျက်နှာ ၈ ကော်လံ ၃ *

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပ၃၈ အကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်။ (စာ - ၃)

အမျိုးသမီး ကမ္ဘာ့ဖလား ဗိုလ်လုပွဲ ဂျပန်နှင့် အမေရိကန် တွေ့မည်။ (စာ - ၁၀)

သစ်ပင် စိုက်ပျိုးပွဲ ညောင် ဦး မြို့ နယ် ၌ ကျင်းပ။ (စာ - ၇)

သ ဘာ ဝ ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်။ (စာ - ၅)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၁၅ ရက်)

ထူးမြတ်သည့် ဝါဆိုလပြည့် ကုသိုလ်ကောင်းမှုတို့ဖြင့် မေတ္တာပွားများ

ယနေ့သည် ၁၃၇၃ ခုနှစ် ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟု လည်း ခေါ်ဆိုကြသည်။

"သန္ဓေတောထွက် ဓမ္မစက် ဟောမြွက်သံချို လဝါဆို"ဟူသော စကားအရ ဝါဆိုလပြည့်နေ့သည် ဘုရား လောင်းပဋိသန္ဓေတည်တော်မူသောနေ့၊ တောထွက်သောနေ့၊ ဘုရားရှင်ဓမ္မစကြာတရားဦးဟောကြားတော် မူသောနေ့ဖြစ်သည်။

ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ခြောက်နှစ်တာကာလပတ်လုံး လူသာမန်တို့ ကျင့်ရန်ခဲယဉ်းလှ သည့် ဒုက္ကရစရိယာအကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့ရာ နောက်ဆုံး၌ မဇ္ဈိမပဋိပဒါ ဟုခေါ်သည့် အလယ်အလတ်အကျင့်တရားလမ်းစဉ်ကို တွေ့မြင်ပြီး လက်ယာအစွန်းနှင့် လက်ဝဲအစွန်းတည်း ဟူသော အစွန်းတရားနှစ်ပါးကို ရှောင်ကြဉ်ကာ သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူခဲ့သည်။ ထိုသစ္စာလေးပါးမြတ်တရားသည် ဓမ္မစကြာတရားတော်ပင် ဖြစ်သည်။ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီတို့အား အမှူးထားပြီး ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာဒေသနာတော်တရားဦးကို စတင်ဟောတော်မူခဲ့သောနေ့သည် ဝါဆိုလပြည့်နေ့ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ဝါဆိုလရောက်တိုင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဝါဆိုပန်းကပ်လှူပွဲများ ကို ရှေးရိုးရာ အစဉ်အလာမပျက် ကျင်းပခဲ့ကြသည်။

ဝါဆိုလပြည့်ကျော် (၁) ရက်နေ့ရောက်သည်နှင့် ရဟန်းတော်အရှင်မြတ်တို့သည် ရောက်ရာအရပ်၌ ဝါဆိုကြရသည်။ ဝါတွင်းကာလသည် မိုးကာလဖြစ်ပြီး စိုက်ပျိုးချိန်ဖြစ်သဖြင့် ခရီးသွားလာခြင်းဖြင့် လယ်ကန်သင်း၊ လယ်ကွင်းများဖြတ်သန်းရ၍ ပျိုးခင်းများပျက်စီးနိုင်သောကြောင့် ဘုရားရှင်သည် လူသတ္တဝါများ အကျိုးစီးပွားမဆုံးရှုံးစေရန် ဝါတွင်းကာလ သုံးလပတ်လုံးကျောင်းသင်္ခမ်းတွင်သာ သီတင်းသုံး ရမည်ဟု ပညတ်တော်မူခဲ့သည်။

မြတ်ဘုရား၏ ပညတ်တော်အရ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလ ဝါဆိုဝါကပ်သည်ကို အကြောင်းပြု၍ ဝါဆိုလဟု ဖြစ်လာခဲ့ရသည်။ "ဝါဆို ဝါခေါင်ရေဖောင်ဖောင်" ဆိုစကားအရ မိုးဖြိုင်ဖြိုင် ရွာသော ဝါဆိုလ၌ ပွင့်သောရာသီပန်းသည် ပုန်းညက်ပန်းဖြစ်သည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် နေ့ထူးနေ့မြတ်ဖြစ်သော ဝါဆိုလပြည့်နေ့၌ သီလ ဆောက်တည်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်းစသော ကောင်းမှုကုသိုလ်တို့ဖြင့် မေတ္တာဘာဝနာ ပွားများ ကျင့်ကြံအားထုတ်ကာ ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ကြပါစေကြောင်း ဆုမွန်တောင်း တိုက်တွန်း ရေးသား လိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲ သည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီး သည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား အစ္စရေးနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H. E. Mr. Yaron Mayer သည် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ချစ်နှင့် ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အမာမြို့၌ ကျင်းပ

အမာ ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ မြို့နယ် အမာမြို့၏ ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက အမာမြို့ ၃-ဘဝသစ်ကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမာမြို့ စခန်းမှူး၊ ဖျာပုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီး အရာရှိ ဦးကြည်လင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များနှင့် ဒေသခံပြည်သူများက ရတနာ တန်းဝင် ကျွန်းပျိုးပင် ၅၀၀၊ ယူကလစ် ၃၀၀၊ အော်ရီးရှား ၂၀၀ နှင့် မဟော်ဂနီ ၁၀၀ စုစုပေါင်း အပင် ၁၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

မာန်အောင်မြို့နယ်အသင်း ပညာသင်ထောက်ပံ့ကြေးပေး

ရန်ကုန် ဇူလိုင် ၁၄

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃ရက်က အသင်းတိုက်အစည်းအဝေးခန်းမ ၌ ကျင်းပရာ အခမ်းအနားတွင် အသင်း နာယက ဦးအောင်သိန်းက တက္ကသိုလ် နှင့် အခြေခံပညာကျောင်းသား ကျောင်း သူများအတွက် ပညာသင်ထောက်ပံ့ ကြေးများ ပေးအပ်ခဲ့ကြောင်း သိရှိရ သည်။ **(မြို့နယ်အသင်း)**

ရေစီးရေလာကောင်းမွန်ရေး မြစ်ကြီးနား၌ဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၁၄

မြစ်ကြီးနားမြို့နယ် စည်ပင် သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်က ရှမ်းစုမြောက်ရပ်ကွက် အောင်ဆန်းလမ်းဘေးဝဲယာတစ်လျှောက် ရေမြောင်း တူးဖော်ဆယ်ယူခြင်းလုပ်ငန်း ကို အမှုဆောင်အရာရှိ ဦးစိုးနိုင် ကွင်းဆင်း စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြခဲ့ ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

လယ်ယာစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ ကန်ကြီးထောင့်၌ ကျင်းပ

ကန်ကြီးထောင့် ဇူလိုင် ၁၄

ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ တွင် ဇွန် ၂၆ ရက်က ရွှေကန်သား ကုမ္ပဏီမှ အသင်းဝင်တောင်သူများအား

လယ်ယာစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲ ကျင်းပရာ အခမ်းအနားတွင် ကန်ကြီး ထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြား သည်။ ထို့နောက် ရွှေကန်သားကုမ္ပဏီမှ ဦးမောင်မောင်ယုက လယ်ယာစိုက်ပျိုး စရိတ်ချေးငွေနှင့်စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးပြီး အသင်းဝင်တောင်သူ ၁၇၈ ဦးအား လယ်ယာစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၉၁၆ သိန်း ပေးအပ်သည်။

အလားတူ ရွှေကန်သားကုမ္ပဏီမှ ကန်ကြီးထောင့်မြို့နယ် သဘော့ငူ ကျေးရွာအုပ်စုရှိ တောင်သူ ၁၀၃ ဦး၏ စိုက်ဧက ၁၀၀၀ အတွက် လယ်ယာ စိုက်ပျိုးစရိတ် ချေးငွေကျပ်သိန်း ၁၅၀ ကိုလည်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ရွှေကူမြို့၌ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

ရွှေကူ ဇူလိုင် ၁၄

ကချင်ပြည်နယ် ရွှေကူမြို့နယ် အတွက် ကျန်းမာရေးဦးစီးဌာနက ငှက်ဖျားရောဂါ နှိမ်နင်းခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ တာရှည်ခံ ဆေးစိမ်ခြင်ထောင် အခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မေးမြန်းဆွေးနွေး

အဆိုပါအခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သူရဇော်က တာရှည်ခံဆေးစိမ်ခြင် ထောင်နှင့်ပတ်သက်သည့် သိကောင်း စရာများကို အသိပေးရှင်းလင်း ပြော ကြားပြီး တက်ရောက်လာကြသောဌာန ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများက သိလို သည့်အကြောင်းအရာများကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရ သည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၃ ရက်က စစ်တွေမြို့နယ် လမ်းမကြီးပြုပြင်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဆွေအေးနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက် ကြစဉ်။ (မြို့နယ်စည်ပင်)

15-7 (02).pmd 1 7/15/2011, 3:16 AM

ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ
ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၄

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာ အသီးသီး၌ဆက်လက်ကျင်းပရာ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ကျင်းပသည့်ပွဲစဉ်သို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရ

ယနေ့ကျင်းပသည့် ပွဲစဉ်များတွင် အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-နှစ်ဂိုး ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြပြီး နေပြည်တော်လယ်ဝေးအားကစားကွင်း၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ဂိုးမရှိသရေ ဖြစ်သွားကြသည်။

ယှဉ်ပြိုင်ကစား

ဇူလိုင် ၁၅ ရက်တွင် ပွဲစဉ်များ ရပ်နားမည် ဖြစ်ပြီး ဇူလိုင် ၁၆ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်း၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ မန္တလေးသမဝါယမကောလိပ်၊ ကျောင်းအုပ်ကြီး ဦးလှမျိုးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးအား ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား
အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

၂၀၁၁ခုနှစ် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက်တွင် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပခဲ့ရာ ဗိုလ်လုပွဲများအပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမျိုးသမီးတံခွန်စိုက်ဆုရ ပုသိမ်မြို့နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုရ လပွတ္တာမြို့နယ်အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲမှ ရွေးချယ်ခြင်းခံရသော အားကစားသမားများအား နေပြည်တော် Champion Challenge Cup Tournament 2011 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လူကုန်ကူးမှု တားဆီးကာကွယ်ရေး
ဖျာပုံမြို့နယ်၌ အသိပညာပေး

ဖျာပုံ ဇူလိုင် ၁၄

လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေများ အသိပညာပေး အလုပ်ရုံအစည်းအဝေးကို ဇွန် ၂၉ ရက် နံနက် ၁၁ နာရီက ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့၊ ဖျာပုံရဲစခန်း၌ကျင်းပရာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့ (ပုသိမ်) မှ ဒုတိယရဲမှူး ခင်ခင်စိုးက မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှု အမျိုးအစားများ၊ လူကုန်ကူးသူများ အသုံးပြုသည့်နည်းလမ်းများ၊ သတိပြုရန်အချက်များ၊ သတိပြုရမည့်သူများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ရှင်းလင်း

ရှင်းလင်းပြောကြားချက်များနှင့် ပတ်သက်၍ တက်ရောက်လာကြသည့် ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့နယ်များရှိ ရဲအရာရှိများက ပြန်လည်မေးမြန်းကြရာ ဒုတိယရဲမှူးခင်ခင်စိုး **(အောက်ပုံ)** က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

(ဝဇိ၇)

ကွင်းဆင်းစစ်ဆေး

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများအတွင်း ကြွပ်ကြွပ်အိတ် ထုတ်လုပ်ရောင်းချ သိုလှောင်သုံးစွဲခြင်း ရှိ၊ မရှိကို ဇွန် ၂၃ ရက်က အဖွဲ့ဦးစီးအရာရှိ ဦးမျိုးဝင်း၊ ဒုတိယဦးစီးမှူး(ဈေး) ဦးခင်မောင်လွင်၊ ကျန်းမာရေးမှူး-၂ ဦးကြည်ဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးဆက်လက်ပိုနေ

နေပြည်တော် ဇူလိုင် ၁၄

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၂၈	၂၀	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၃၃	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီး	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီး	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီး	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၁	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၂	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၇	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၅	၂၅	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၁	၂၆	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား KRX ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကိုရီးယား ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ရေးကုမ္ပဏီ Korea Exchange (KRX) ဥက္ကဋ္ဌ Mr.Bongsoo Kim နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံ၍(ဝဲပုံ) မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျော်ဖုံးမှ*

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများကထက် ပိုမိုတင်ပြ ရောင်းချပေးနိုင်ခြင်းပင် ဖြစ်သည်။ အလားတူ အထူးရောင်းချပွဲသို့ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ စင်ကာပူနှင့် ရုရှားနိုင်ငံတို့မှ ရတနာကုန်သည် ၄၇၄၄ ဦး၊ ပြည်တွင်းရတနာကုန်သည် ၄၆၂၂ ဦး စုစုပေါင်း ၉၃၆၆ ဦး တက်ရောက်ခဲ့ကြရာ ယခင်ပြပွဲများကထက် ပိုမိုတက်ရောက်လာခြင်း ဖြစ်ကြောင်း သိရှိရသည်။

အပြိုင်အဆိုင်ဈေးပေး

နေပြည်တော်တွင် တတိယအကြိမ်အဖြစ်ကျင်းပသည့် ယင်းအထူးရောင်းချပွဲ၌ ပုလဲကို ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် ပြသရောင်းချပေးခဲ့သည်။ တင်ဒါစနစ်ဖြင့် ၃၁၃ တွဲ ပြသခဲ့ရာ ၂၅၁ တွဲ ရောင်းချနိုင်ခဲ့သည်။ အလားတူ ဈေးပြိုင်စနစ်ဖြင့် ၄၂ တွဲပြသခဲ့ပြီး ၃၇ တွဲကို ပုလဲကုန်သည်များက ဈေးပြိုင်ပေး၍ ဝယ်ယူခဲ့ကြသည်။ သို့ဖြစ်ရာ စုစုပေါင်း ပုလဲ ၂၈၈ တွဲကို ဈေးနှုန်းမြင့်မားစွာဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။ ယခုနှစ် မတ်လကကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ၂၅၃ တွဲ ရောင်းချနိုင်ခဲ့ရာမှ ယခုအကြိမ်တွင် ပိုမိုရောင်းချပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ အလားတူ ကုန်သည်များက အပြိုင်အဆိုင်ဈေးပေး၍ ဝယ်ယူကြသဖြင့် မျှော်မှန်းသည်ထက် ဈေးပိုမိုရရှိခဲ့သည်။ ပုလဲရောင်းချပွဲ၌ ပုလဲအများဆုံး ဝယ်ယူသူဆုကို ဂျပန်နိုင်ငံ Paras Pearl Co. မှ Mr. Javeri Parful Shantichand က ရရှိခဲ့သည်။ အရည်အသွေးကောင်း မြန်မာ့ပုလဲများကို ဂျပန်နိုင်ငံမှ ကုန်သည်များက အထူးနှစ်သက်စွာဖြင့် ဈေးပိုပေးကာ ဝယ်ယူခဲ့ကြကြောင်း သိရှိရသည်။

ရတနာကုန်သည်များ ကြည့်ရှုစစ်ဆေးနေစဉ်။

တင်ဒါစနစ်

အလားတူ ကျောက်မျက်ရတနာများကို ဇူလိုင် ၄ ရက်တွင် ပြသရောင်းချပေးခဲ့ရာ တင်ဒါစနစ်ဖြင့် ၁၉ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ၁၉ တွဲ၊ စုစုပေါင်း ၃၈ တွဲ ရောင်းချခဲ့ရသည်။ ယခင်ပြပွဲများတွင် ၃၁ တွဲနှင့် အတွဲ ၃၀ စီသာ ရောင်းချပေးနိုင်ခဲ့ရာမှ ယခုပြပွဲတွင် ပိုမိုရောင်းချပေးနိုင်ခဲ့သည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ ထိုင်းနိုင်ငံမှ ရတနာကုန်သည် ၂၀ ဦး၊ တရုတ်နိုင်ငံမှ ခုနစ်ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၂ ဦး စုစုပေါင်း ရတနာကုန်သည် ၄၀ တက်ရောက်ခဲ့ကြသည်။ ကျောက်မျက်ရတနာ ဝယ်ယူသူအများဆုံးဆုကို ပြည်တွင်းရတနာကုန်သည်တစ်ဦး ဖြစ်သူ Ruby Dragon Co. မှ ဦးမောင်မောင်နိုင်က ရရှိခဲ့သည်။ ဒုတိယအများဆုံး ဝယ်ယူသူမှာ တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်မှ Ms. Zhang Baoling ဖြစ်သည်။ ကျောက်မျက်ရတနာများ ရောင်းချပေးခဲ့ရာတွင် ယခင်ပြပွဲများကထက် အတွဲအရေအတွက် ပိုမိုများပြားခဲ့သကဲ့သို့ ဈေးနှုန်းမှာလည်း ရောင်းချရသည့် ကျောက်မျက်ရတနာအတွဲ ၃၈ တွဲ၏ အခြေခံဈေးထက် ၈၉ ဒသမ ၆၄ ရာခိုင်နှုန်း ပိုမိုရရှိခဲ့သည်။ ယခုရောင်းချပွဲတွင် မိုးကုတ်ကျောက်မျက်ရတနာက မိုင်းရှူး ကျောက်မျက်ရတနာများထက် ပိုမိုတင်ပြနိုင်သကဲ့သို့ ရတနာကုန်သည်များကလည်း မိုးကုတ်ကျောက်မျက်ရတနာ ၃၁ တွဲနှင့် မိုင်းရှူးကျောက်မျက်ရတနာ ခုနစ်တွဲတို့ကို ဝယ်ယူခဲ့ကြသည်။

စိတ်ဝင်တစားဝယ်ယူ

ယခုရောင်းချပွဲတွင် ထူးခြားသည်မှာ တရုတ်နိုင်ငံမှ ကျောက်မျက်ရတနာကုန်သည်များ ယခင်ကထက် ပိုမိုတက်ရောက်လာခြင်းပင်ဖြစ်သည်။ ယခင်က တရုတ်ရတနာကုန်သည် အနည်းငယ်သာ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ခဲ့ပြီး သလင်းကျောက်များကိုသာ အဓိကဝယ်ယူခဲ့ကြသည်။ ယခုပွဲတွင်မူ မိုးကုတ်ကျောက်မျက်ရတနာများကို စိတ်ဝင်တစား ဝယ်ယူခဲ့ကြသည်။ ပြည်တွင်း ရတနာကုန်သည်များကလည်း တရုတ်ကုန်သည်များနှင့် ဈေးပြိုင်ပေး၍ ဝယ်ယူခဲ့ကြသဖြင့် ပိုမိုရောင်းချခဲ့ရခြင်း ဖြစ်ကြောင်း ကျောက်မျက်ရတနာ ဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထိုင်းနိုင်ငံမှ ရတနာကုန်သည်များမှာမူ ယခင်ပြပွဲများကအတိုင်း မိုင်းရှူးကျောက်မျက်ရတနာများကို ဝယ်ယူခဲ့ကြသည်။

ဈေးပြိုင်စနစ်

ရတနာကုန်သည်များ အထူးစိတ်ဝင်စားသည့် ကျောက်စိမ်းရောင်းချပွဲကိုမူ ဇူလိုင် ၃ ရက်မှစတင်၍ ရောင်းချပေးခဲ့သည်။ ရောင်းချရာတွင် တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၈၉၀၊ ဈေးပြိုင်စနစ်ဖြင့် အတွဲပေါင်း ၄၂၇ တွဲ၊ စုစုပေါင်း ၂၂၃၁၇ တွဲကို ရောင်းချပေးခဲ့သည်။ ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ တင်ဒါစနစ်ဖြင့်ရောင်းချရာ၌ ကျောက်စိမ်းအတွဲပေါင်း ၁၇၂၂၂ တွဲကို ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များက အပြိုင်အဆိုင် ဈေးပေးဝယ်ယူခဲ့ကြသည်။ ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးရာ၌လည်း ၂၂၇ တွဲကို ဝယ်ယူခဲ့ကြသည်။ ထို့အတူ အင်ကြင်းကျောက် နှစ်တွဲကိုလည်း ဈေးပြိုင်ပေး၍ ဝယ်ယူခဲ့ကြသည်။ အထူးရောင်းချပွဲတွင် ရောင်းချပေးနိုင်ခဲ့သည့် ကျောက်စိမ်းအတွဲပေါင်းမှာ ၁၇၄၄၉ တွဲ ဖြစ်သည်။ ပြီးခဲ့သည့် (၄၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ၁၃၆၀၈ တွဲ ရောင်းချခဲ့ရရာမှ ယခုရောင်းချပွဲတွင် ပိုမို ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။ မူလခင်းကျင်းပြသသည့် ကျောက်စိမ်းအတွဲများ၏ ၇၈ ဒသမ ၁၈ ရာခိုင်နှုန်းကို ရောင်းချနိုင်ခဲ့ပြီး ဈေးနှုန်းအားဖြင့်လည်း အခြေခံဈေး၏ ၃၄၃ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိခဲ့သည်။ ကျောက်စိမ်းတွဲအချို့ကို မူလအခြေခံဈေးထက် အဆပေါင်းများစွာ ဈေးပြိုင်ပေး၍ ဝယ်ယူခဲ့ကြသည်။ ကျောက်စိမ်းဝယ်ယူသူ အများဆုံးဆုကို တရုတ်နိုင်ငံမှ ရတနာကုန်သည် Mr. Cai Xiaowu က ရရှိခဲ့သည်။

တိုးမြှင့်ဝယ်ယူ

ကျောက်စိမ်းအတွဲများအား အပြိုင်အဆိုင် ဈေးပေးဝယ်ယူမှုနှင့်ပတ်သက်၍ ရတနာကုန်သည် တစ်ဦးဖြစ်သည့် ဦးစိုးမိုးဝင်းအား မေးမြန်းကြည့်ရာ "အရင် (၄၈)ကြိမ်မြောက် ပြပွဲတုန်းက ၁၆ တွဲသာ ဝယ်ယူခဲ့ပြီး အခုရောင်းချပွဲမှာ ၂၄ တွဲအထိ တိုးမြှင့်ဝယ်ယူနိုင်ခဲ့ပါတယ်။ အခုအချိန်က မိုးရာသီဆိုတော့ မော်ထဲမှာ တူးဖော်ရေးလုပ်ငန်းတွေ ရပ်နားထားရတဲ့အချိန်ပါ။ ဒါကြောင့် ဒီပွဲမှာ ပြည်တွင်း ရတနာကုန်သည်တွေ အများအပြား ပိုမိုတက်ရောက်လာပြီး ပြည်ပက ကုန်သည်တွေနဲ့အပြိုင် ဈေးပေးဝယ်ယူခဲ့ကြခြင်း ဖြစ်ပါတယ်။ ကျွန်တော်ဝယ်ယူတဲ့ ကျောက်တွေကို မန္တလေးမှာပဲ လက်ကောက်၊ ရုပ်တုစတဲ့ အချောထည်တွေ ပြုလုပ်သွားမှာပါ " ဟုဖြေကြားသည်။

ပြည်ပမှ ရတနာကုန်သည်များအနေဖြင့်လည်း မိမိကြိုက်နှစ်သက်သည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို ဝယ်ယူရင်း နေပြည်တော်ဝန်းကျင်ကိုလည်း သွားရောက်လည်ပတ်ခဲ့ကြကြောင်း မေးမြန်းသိရှိရသည်။

ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသမှလာရောက်သည့် ရတနာကုန်သည်တစ်ဦးက မိမိအနေဖြင့် မြန်မာနိုင်ငံကို တတိယအကြိမ် လာရောက်ခြင်းဖြစ်ကြောင်း၊ နေပြည်တော်ရှိ ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ Capital Hyper Market နှင့် Junction Centre တို့ကို သွားရောက် လည်ပတ်ခဲ့ပါကြောင်း၊ နေပြည်တော်သည် သာယာလှပသည့် မြို့တော်ကြီးဖြစ်ပြီး ပတ်ဝန်းကျင် သန့်ရှင်းမှုလည်း ကောင်းမွန်သည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း သယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံ ဖြစ်ကြောင်းကို ဤအထူးရောင်းချပွဲကြီးက သက်သေပြလျက်ရှိကြောင်း၊ မိမိအနေဖြင့် ကျောက်စိမ်းအတွဲပေါင်း ၅၀ ခန့် ဝယ်ယူနိုင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

အလားတူ တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်မှ ရတနာကုန်သည်တစ်ဦးကလည်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာ့ကျောက်စိမ်းသည် မာခြင်းအဆင့်မြင့်မားသဖြင့် ကမ္ဘာ့ဈေးကွက်တွင် လူကြိုက်များကြောင်း၊ စနစ်တကျ ထုတ်ယူပြီး ကိုယ်တိုင် အချောထည်ပြုလုပ်ရောင်းချပါက ဈေးပိုရနိုင်ကြောင်း၊ ယခုပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၀ ခန့်ဝယ်ယူဖြစ်ကြောင်း၊ နောင်ပြပွဲများကိုလည်း မပျက်မကွက် တက်ရောက်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ပိုမိုရောင်းချခဲ့ရသကဲ့သို့ မဏိရတနာကျောက်စိမ်းခန်းမရှိ ပြပွဲခန်းမဝန်းကျင်၌ ဖွင့်လှစ်ပြသရောင်းချပေးခဲ့သည့် ပုဂ္ဂလိကလက်ဝတ်ရတနာ အရောင်းဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင်လည်း ရတနာကုန်သည်များက ယခင်ပြပွဲများကထက် ပိုမိုဝယ်ယူခဲ့ကြကြောင်း မေးမြန်းသိရှိရသည်။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ရောင်းချပေးသည့် အဆိုပါ အရောင်းဆိုင်များမှာ ဆိုင်ပေါင်း ၅၀ ခန့်ရှိသည်။

ပြသရောင်းချပေးခဲ့သည့် လက်ဝတ်ရတနာအချို့။

ဈေးကောင်းပေး

ရောင်းချရမှုနှင့်ပတ်သက်၍ Special (Mra & Khaing) လက်ဝတ်ရတနာအရောင်းဆိုင်မှ ဒေါ်ညွှန့်ညွှန့်ခိုင်က "ကျွန်မတို့ဆိုင်က ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ပတ္တမြား၊ နီလာတို့နဲ့ ပြုလုပ်ထားတဲ့ လက်ဝတ်ရတနာတွေ၊ ရုပ်တု၊ ပုတီးစတဲ့ ကျောက်စိမ်း အချောထည်တွေကို ပြသရောင်းချပေးပါတယ်။ ကျောက်စိမ်းနဲ့လုပ်တဲ့ ဆွဲသီး၊ လက်စွပ်တို့ကို တရုတ်ရတနာကုန်သည်တွေ ပိုမိုဝယ်ယူကြပါတယ်။ ပြပွဲရက် ပိုမိုရှည်ကြာလို့လည်း အရင်ကထက် ပိုပြီးရောင်းခဲ့ရပါတယ်" ဟု ပြောကြားသည်။ အခြားလက်ဝတ်ရတနာအရောင်းဆိုင် တစ်ဆိုင်ကလည်း ပုလဲရောင်းချပွဲတွင် ပုလဲများကို ယခင်ကထက်ဈေးပိုပေး၍ ဝယ်ယူခဲ့ကြသကဲ့သို့ မိမိဆိုင်တွင် ရောင်းချပေးသည့် ပုလဲများကိုလည်း ဈေးကောင်းပေး၍ ဝယ်ယူကြပါကြောင်းဖြင့် ရှင်းပြသည်။

ပံ့ပိုးဖြည့်ဆည်း

နိုင်ငံတော်အနေဖြင့် ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်က စတင်ကျင်းပပေးခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ပုဂ္ဂလိကပိုင် ကျောက်စိမ်းအတွဲများကို ရောင်းချပေးခဲ့သည်။ အလားတူ ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များအား ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်မှုကို ခွင့်ပြုအားပေးခဲ့ပြီး ကျောက်မျက်ရတနာများ ထုတ်လုပ်ရောင်းချမှု တိုးတက်မြင့်မားလာရေးအတွက်လည်း လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။ သို့ဖြစ်ရာ ယခင်က ကျောက်မျက်ရတနာများကို လူအားဖြင့်သာ တူးဖော်ခဲ့ရာမှ ယခုအခါ ခေတ်မီတူးဖော်ရေး စက်ယန္တရားများဖြင့် စနစ်တကျ တူးဖော်လာနိုင်ခဲ့ပြီး ကျောက်မျက်ရတနာများကို ပိုမိုတူးဖော်ထုတ်လုပ်နိုင်ခဲ့သည်။

စိတ်ကြိုက်ဝယ်ယူနိုင်

တူးဖော်ထွက်ရှိသည့် ကျောက်မျက်ရတနာများကို မိမိမြေပေါ်တွင် မိမိကြိုက်သည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန်အတွက်လည်း ကျောက်မျက်ရတနာပြပွဲများ၊ အထူးရောင်းချပွဲများကို အဆက်မပြတ် ကျင်းပပေးခဲ့သည်။ ယခုပြပွဲများတွင် ပြသရောင်းချပေးသည့် ကျောက်စိမ်းတွဲ အားလုံးနီးပါးမှာ ပုဂ္ဂလိကပိုင် ကျောက်စိမ်းအတွဲများသာ ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် ကျောက်မျက်ရတနာဝယ်ယူသူနှင့် ရောင်းချသူများ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်နိုင်ရန် ပြပွဲများကို စီစဉ်ကျင်းပပေးနေခြင်းဖြစ်သည်။ ဝယ်ယူသူအနေဖြင့် မိမိ ဝယ်ယူလိုသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို အသေးစိတ် ကြည့်ရှုစစ်ဆေးရွေးချယ်ပြီး ကျေနပ်မှုရှိမှသာ စိတ်ကြိုက်ဝယ်ယူနိုင်သကဲ့သို့ ရောင်းချသူကလည်း မိမိမျှော်မှန်းသည့် ဈေးထက် ပိုမိုရရှိကာ ရောင်းချနိုင်ခဲ့သည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ကျင်းပပြီးစီးသွားပြီဖြစ်သည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီးသည်ကား ဝယ်ယူသူနှင့် ရောင်းချသူတို့ အပြုံးပန်းတူညီစွာ ပွင့်လန်းဝေဆာခဲ့သော ပွဲကြီးတစ်ပွဲပင် ဖြစ်ပေတော့သည်။ ။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲဖွင့်

နေပြည်တော် ဇူလိုင် ၁၄

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၃ ရက် ညနေ ၃ နာရီတွင် တိုင်းဒေသကြီးအားကစားခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးခင်ဇော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြို့နယ်များမှ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

မှာကြား

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အားကစားသမားများအနေဖြင့် ကိုယ်စီကျွမ်းကျင်မှု၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်များကို အရင်းပြုပြီး အနိုင်မခံအရှုံးမပေး အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရန် လိုကြောင်း၊ အရည်အချင်းပြည့်ဝသည့် တိုင်းဒေသကြီးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် ဘော်လီဘောအားကစားသမားကောင်းများ ဖြစ်ထွန်းရေး ကြိုးစားလေ့ကျင့် ယှဉ်ပြိုင်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက အမျိုးသားပွဲစဉ်အဖြစ် လောင်းလုံးမြို့နယ်အသင်းနှင့် မြိတ်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါဘော်လီဘောပြိုင်ပွဲတွင် မြို့နယ်များမှ အမျိုးသားဘော်လီဘောအသင်း ၁၀ သင်းနှင့် အမျိုးသမီးဘော်လီဘောအသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နွေစပါးစံကွက်ရိတ်သိမ်းမှု သရုပ်ပြပွဲ မကွေးမြို့နယ် မြင်းကင်းကျေးရွာ၌ကျင်းပ

မကွေး ဇူလိုင် ၁၄

မကွေးမြို့နယ် မြင်းကင်းလျှပ်စစ်မြစ်ရေတင် ဧရိယာအတွင်းရှိ မြင်းကင်းကျေးရွာ ကွင်းအမှတ်(၁၆၅၄)တွင် တောင်သူ ဒေါ်လုံးတင်၏ ရတနာတိုးနွေစပါး စံကွက်တစ်ဧက ရိတ်သိမ်းပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။ **(ဝဲပုံ)**

လက်တွေ့သရုပ်ပြ

အဆိုပါနွေစပါး စံကွက်ရိတ်သိမ်းပွဲကို မကွေးခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်လေ့လာကြည့်ရှုကြရာ တစ်ဧကလျှင် စပါးအထွက်နှုန်း ၁၀၈ တင်း ထွက်ရှိကြောင်းသိရှိရပြီး စက်မှုလယ်ယာဦးစီးဌာနမှ စပါးရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းနေမှုကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေကျင်ခရိုင် ကျွန်းလှမြို့နယ် အောင်ဇေယျလမ်းဘေးဝဲယာတွင် ဇွန် ၁၈ ရက်က ရေစီးရေလာကောင်းမွန်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ရေနုတ်မြောင်း တူးဖော်နေခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့် စည်ပင်အမှုဆောင်အရာရှိ ဦးစိုးလွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်

ကျောင်းကုန်း ဇူလိုင် ၁၄

ငါးမျိုးများရေရှည်တည်တံ့စေရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၈ နာရီက လှည်းဆိပ်ကျေးရွာအုပ်စု သဘာဝရေလျှံကွင်း၌ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလွင်၊ ကျောင်းကုန်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးဦးသိန်းဦးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ကျောင်းသား ကျောင်းသူများက ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၄၀၀၀၀၀ ခန့်ကို သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးများစိုက်ထည့်ခဲ့သည်။ **(အောက်ပုံ)**

(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)

စမ်းချောင်းမြို့နယ် မြေနီကုန်း မြဝတီလမ်း အမှတ်(၁၄) B-2 နေ ဦးမြတ်ကို-ဒေါ်ရွှေရွှေလေး၊ သမီး မသီရိမြတ်ကို မိသားစုက မိခင်ဒေါ်ငွေသီ (၃၅)နှစ်မြောက် အားရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင် လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မင်းတုန်းအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၄

မင်းတုန်းအသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗိုလ်တထောင်ဘုရားအနီး ပတ္တမြားကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများအားလုံးနှင့် အသင်းမဝင်ရသေးသူများအားလုံး တက်ရောက်ကြရန်နှင့် ဦးအောင်သိန်း ဖုန်း-၀၁-၉၆၉၉၀၃၂၊ ဦးမြသန်း ဖုန်း-၅၆၁၆၄၉၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၅၁၃၂၇၂၊ ဒေါ်သီတာဦး ဖုန်း-၀၉-၄၉၂၄၈၉၀၆ နှင့် ဒေါက်တာဝင်းသူရ ဖုန်း-၀၉-၅၁၉၇၉၇၁ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၁၆-၇-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် (မောရသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀	မဂ္ဂလာပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (ပတ်ဝန်းကျင်နှင့်စာရိတ္တ)
၈း၄၀	လူငယ်မှတ်သားသုတစကား (မြန်မာအစ တကောင်းက)
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	ရင်ခုန်စီးဆင်းအနုပညာသတင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-ဆုပိုင်ရှင်)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (မေမေပြန်ဖို့ပြင်ရမယ်) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ဝါဆို)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (အထက်တန်းအင်္ဂလိပ်စာ) တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက်
၁၆း၁၀	ညနေခင်းတေးပဒေသာ
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	လေလှိုင်းကြားကပွဲတင်သံ
၁၇း၁၅	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ခေတ်မရွေးသောတေးများ
၁၈း၀၀	ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၅	ချိုချစ်ဖွယ်အင်္ဂလိပ်သီချင်းများ
၁၉း၀၀	နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉း၁၅	လက်ဆင့်ကမ်းဝေ ဂီတအမွေ (တေးသံရှင် အယ်လ်ဆိုင်းဇီ+ ရေဗက္ကာဝင်း)
၁၉း၃၀	ကျန်းမာရေးရာသိကောင်းစရာ (ဆေးလိပ်ဖြတ်ပါဘဝတာ ကျန်းမာစေကြောင်းနည်းလမ်းကောင်း) တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀း၂၀	ညချမ်းချိန်ခါတေးပဒေသာ
၂၀း၃၀	သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၂၀း၄၅	ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀	ရေဒီယိုအင်တာနက်
၂၁း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် ညချမ်းချိန်ခါတေးပဒေသာ

ဥတုရာသီ တောက်ပိုမှိုက်

သံတွဲမြို့ အမှတ် (၇)ရပ်ကွက် ငပလီကမ်းခြေသွား လမ်းဘေးဝဲယာတွင် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ ဇူလိုင် ၂ ရက်က ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သီပွံနည်းကျ ပေါင်းပျိုးစနစ်ပျိုးထောင်နည်း လက်တွေ့ပြသ

ကျောက်ကြီး ဇူလိုင် ၁၄

မိုးစပါးတစ်ဧက တင်း ၁၀၀အထက် ထွက်ရှိရေး သီပွံနည်းကျ ပေါင်းပျိုးစနစ်ဖြင့်ပျိုးထောင်နည်းကို ကျောက်ကြီးမြို့နယ် မအူပင်ဆိပ်ကျေးရွာ လယ်သမား ဦးမောင်နိုင်၏လယ်တွင် ဇွန် ၂၄ ရက်က ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တောင်ငူခရိုင် လက်ထောက်မန်နေဂျာ ဦးသန်းအေးက သီပွံနည်းကျစိုက်ပျိုးခြင်းဆိုင်ရာ အချက် (၁၄)ချက်ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က တောင်သူများအား လိုအပ်သည်များမှာကြားသည်။ ထို့နောက် မြို့နယ်မန်နေဂျာ ဦးပန်းရွှေနှင့်အဖွဲ့က ပေါင်းဖော်၊ မျိုးစေ့ချ၊ စက်ဖွဲပြာဖုံးပုံများကို လက်တွေ့ ရှင်းလင်းပြသခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စိုက်ပျိုးရေး)**

ဘက်ထရီရှော့ခ်တိုက်(ကျဉ်စက်)နည်းဖြင့် ငါးဖမ်းဆီးခြင်းမပြုရန် သတိပေးနှိုးဆော်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ ရေရှည်တည်တံ့စေပြီး စဉ်ဆက်မပြတ် ထုတ်လုပ်စားသုံးနိုင်ရေးအတွက် ငါးလုပ်ငန်းရေပြင်များ မပျက်စီးစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ ငါးမျိုးများမပြုန်းတီးစေရန် ကာကွယ်တားဆီးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဘက်ထရီရှော့ခ်တိုက်၍ ငါးဖမ်းဆီးခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည့် ငါးဖမ်းနည်းဖြစ်ပါသည်။ ဘက်ထရီရှော့ခ်တိုက်နည်းဖြင့် ငါးဖမ်းဆီးခြင်းအားဖြင့် ငါးများနှင့် ယင်းတို့၏ပတ်ဝန်းကျင်ရှိ သက်ရှိရေသတ္တဝါများကို ထိခိုက်ပျက်စီးစေပါသည်။

သို့ဖြစ်ပါ၍ ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၃၄(ခ)ဖြင့် ငါးမျိုးများပြုန်းတီးခြင်းကို ကာကွယ်ထိန်းသိမ်းရန်အတွက် ဘက်ထရီရှော့ခ်တိုက်နည်းဖြင့် ငါးဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ငွေဒဏ် ကျပ်သုံးသောင်းအထိဖြစ်စေ၊ ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ကျွန်းစိုက်ခင်းစစ်ဆေး

သရက် ဇူလိုင် ၁၄

သရက်ခရိုင် မင်းတုန်းမြို့နယ် စပါးတန်း ကြိုးပြင်ကာကွယ်တောတွင် ၂၀၁၁ ခုနှစ် မိုးရာသီ၌တည်ထောင်ထားသော စီးပွားရေးကျွန်းစိုက်ခင်း ဧက ၂၀၀ ကို မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်နိုင်နှင့် ခရိုင်/မြို့နယ်တို့မှ တာဝန်ရှိသူများ ဇွန် ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကိုရီးယားသမ္မတနိုင်ငံ Ministry of Food Agriculture, Forestry and Fishers (MOSF) ၏ Former Minister Dr.Tae-Pyong Chang ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကိုရီးယားသမ္မတနိုင်ငံ Ministry of Food Agriculture, Forestry and Fishers (MOSF) ၏ Former Minister Dr.Tae-Pyong Chang ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး MOSF က ဆောင်ရွက်လျက်ရှိသော Knowledge Sharing Program (KSP) အစီအစဉ်အရ မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံ Lombok, Nusa Tenggara Barat Province မှ ဖွင့်လှစ်မည့် "The ASEAN + 6 International Youth Camp 2011" သို့တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ခင်ဖြူရွှေနှင့် ဒေါ်မိဖြိုးသီရိဝင်းတို့ ဇူလိုင် ၈ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင်နှင့်အသင်းဝင်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ဟသ်ာတ ဇူလိုင် ၁၄

ဟသ်ာတမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၅ ရက်ကကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က အသိပညာပေးဟောပြောပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်ဇော်၊ ဒုရဲအုပ် ထွန်းအောင်ချိုတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကို ရုပ်ပုံကားချပ်များနှင့်တကွ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (ဝ၇၅)

ပင်လည်ဘူး မြို့ဝင်ဆိုင်းဘုတ်တွင် မြေယာရှင်းအလှပြင်ဆင်ခြင်းလုပ်ငန်းကို ဇူလိုင် ၇ ရက်က အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးပြည်စိုးဝင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မြိတ်မြို့နယ်အသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၄

မြိတ်မြို့နယ်အသင်း (ရန်ကုန်)မှ အဌမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်း မြိတ်ကျားကျောင်း (အိမ်တော်ရာစေတီဝင်း)၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြိတ်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် မြိတ်မြို့နယ်အသင်းရုံး အမှတ် ၆၈ လှည်းတန်းလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၂၄၃၄၀ ထံကြိုတင် ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကိုမြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်က ဝန်ထမ်းသားသမီး ၂၅ ဦးအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရေသယံဇာတထိန်းသိမ်းရေး လပွတ္တာ၌ဆွေးနွေး

လပွတ္တာ ဇူလိုင် ၁၄

လပွတ္တာမြို့နယ် ပြင်စလူမြို့ငါးလုပ်ငန်းဦးစီးဌာနမှ ဆားချက်ကျေးရွာအုပ်စု သိပ္ပံကုန်းကြီးကျေးရွာ၌ ရေသယံဇာတထိန်းသိမ်းခြင်းနှင့် ဒီရေတောများစိုက်ပျိုးထိန်းသိမ်းခြင်း ပညာပေးဟောပြောပွဲကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြင်စလူမြို့ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝင်းအောင်က ရေသယံဇာတများ ရေရှည်ဖမ်းဆီးထုတ်လုပ်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ တားမြစ်ငါးဖမ်းကာလများ၊ တားမြစ်ထားသောငါးဖမ်းနည်းများ၊ တားမြစ်ငါးဖမ်းကိရိယာများ၊ ငါးဖမ်းပိုက်များ၏ပိုက်ကွက်အရွယ်အစားများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဥဆောင်ကဏန်းမကြီးများ၊ အရွယ်မရောက်သေးသည့် အလေးချိန် ခုနစ်ကျပ်သားအောက် ကဏန်းများကို ဖမ်းဆီးခြင်းမပြုကြရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော ရေလုပ်သားများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျောက်ထု၌ကျင်းပ

ကျောက်ထု ဇူလိုင် ၁၄

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ဇောတိကငွေစုငွေချေးသမဝါယမအသင်းလီမိတက် အသင်းသားများ၏ သားသမီးများအနက် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ပေးအပ်ပွဲကို ဇူလိုင် ၃ ရက်က အဆိုပါအသင်းရုံး၌ကျင်းပရာ ကျောက်ထုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဇောတိကသမဝါယမအသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဌ ဦးမြင့်အောင်နှင့်တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင် ဦးမင်းနောင်၏သား မောင်မင်းထက်သာ **(အပေါ်ပုံ)** အပါအဝင် ထူးချွန်စွာအောင်မြင်သူ ၁၁ ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (၁၀၁)

မြန်မာ့အလင်း သတင်းအတိုအထွာ ၁၄-၇-၂၀၁၁

ဝါအထွက်နှုန်းမြင့်မားရေး အောင်လံ၌သင်တန်းဖွင့်

တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေနိုင်မည့် ဝါသီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ဝါနှင့်ပိုးချည် လုပ်ငန်းဌာန အောင်လံမြို့ရှိဝါကြိတ်စက်ရုံ၌ကျင်းပရာ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန (ရုံးချုပ်) တိုးချဲ့စိုက်ပျိုးရေးနှင့်စီမံကိန်းဌာနခွဲ အထွေထွေမန်နေဂျာ ဦးအောင်မော်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအေးက သရက်ခရိုင်၏ ငွေချည် (၆)ချည်မျှင်ချည်ဝါ အထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် တောင်သူများလိုက်နာရန်လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ကျေးရွာချင်းဆက်လမ်း ပုလဲမြို့နယ်၌ကျောက်ချောခင်းမည်

ပုလဲမြို့နယ် ကံပေါက်ကျေးရွာသုံးရွာနှင့် လှော်ကား-ပန်းရွာ-နွယ်ရှောက် ဆက်သွယ်သော ကျေးလက်လမ်းမြေသားပေါ်တင်ခြင်းလုပ်ငန်းကို စက်ယန္တရားအသုံးပြုကာ ဇွန် ၂၃ ရက်ကစတင်၍ ကံပေါက်ကျေးရွာပြည်သူများက ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါမြေသားလမ်းကို ပွင့်လင်းရာသီတွင် ကျောက်ချောလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ရာ လမ်းပြုပြင်ရာတွင် ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် လမ်းအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၉-၄၇၂၂၀၆၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

တုပ်ကွေးကပ်ရောဂါကာကွယ်ရေး အလုပ်ရုံဆွေးနွေး

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ UNDP စီမံကိန်းမှသင်တန်းသားများပူးပေါင်းပြီး ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပညာပေးဆောင်ရွက်မှု အတွေ့အကြုံနှီးနှောဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၂ ရက်က ရွှေရောအောင်အားကစားခန်းမ၌ကျင်းပရာ UNDP မြို့နယ်စီမံကိန်းမန်နေဂျာက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားပြီး သင်တန်းဆင်း ကျေးရွာသူ ကျေးရွာသားများက ၎င်းတို့၏ ကျေးရွာအတွင်းဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (၁၃၃)

ဝက်နားရွက်ပြာရောဂါအကြောင်း တောင်ကြီး၌ဟောပြော

ဝက်နားရွက်ပြာရောဂါမဖြစ်ပွားစေရေးအတွက် ဝက်မွေးမြူသူလုပ်ငန်းရှင်များအား အသိပညာပေးဟောပြောပွဲကို ဇွန် ၈ ရက်က တောင်ကြီးမြို့နယ် ဘုရားဖြူရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်၊ ခရိုင်ဦးစီးမှူး ဒေါက်တာနေလင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာသက်နိုင်မိုးတို့က ဝက်နားရွက်ပြာရောဂါနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များ၊ ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ဇီဝလုံခြုံမှုမြှင့်တင်ရေးကိစ္စများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်မှထုတ်ဝေသော လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (ပြည်နယ် မွေး/ကု)

ရေဘေးအန္တရာယ်ကာကွယ်ရေး မြန်အောင်၌သရုပ်ပြ

မြန်အောင်မြို့ မြန်အောင်တာမိုင်(၃၀/၁) ရေကင်းတဲအမှတ်(၇)တွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများ တက်ရောက်၍ ရေဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် တာပေါ်ရေ လျှံခြင်းအတွက် ကန်သင်းဆင့်ခြင်း၊ တာအိတာလျှောခြင်းအတွက် တုတ်တန်းရိုက် မြေအိတ်ချကာကွယ်ခြင်း၊ ရေပေါက်ပေါက်ခြင်းအတွက် ရေခွေခွေခြင်း၊ သဲဗွက်ထ ခြင်းအတွက် ရေခွေဖြင့်ကျောက်စရစ်ချ ကာကွယ်ခြင်းလုပ်ငန်းများ သရုပ်ပြခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ထွေ/အုပ်ဝန်ထမ်းများအား မြောင်းမြ၌ဝတ်စုံပေးအပ်

မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲကို ဇွန် ၃၀ ရက်နံနက် ၁၀ နာရီက မြရွှေဝါခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်နိုင်က အမှာစကားပြောကြားပြီး ဝန်ထမ်း ၁၃၀ အတွက် ငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ တူညီဝတ်စုံများကိုပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

တောရိုင်းတိရစ္ဆာန်များကာကွယ်ရေး ထန်းတပင်၌ဟောပြော

ထန်းတပင်မြို့နယ် တက်သစ်ကျွန်းဒေါင့်ကြီးကျေးရွာ၌ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၉ ရက်က ဒေါင့်ကြီးကျေးရွာ မူလတန်းလွန်ကျောင်း၌ကျင်းပရာ တောရိုင်းတိရစ္ဆာန်များကာကွယ်စောင့်ရှောက်ရေး၊ သဘာဝအပင်များကာကွယ်ရေးနှင့်စပ်လျဉ်း၍ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးတင့်လွင်က တက်ရောက်လာကြသူများအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ (၀၄၈)

ကျိုက်လတ်၌ သဘာဝရေပြင်အတွင်းငါးမျိုးစိုက်ထည့်

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု စံပြဧက ၁၀၀၀ အနီး သဘာဝရေပြင်အတွင်းသို့ ဇွန် ၂၈ ရက် နံနက် ၁၀နာရီက ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်စိုး၊ ကျိုက်လတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအေးမင်းနှင့်ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ငါးကောင်ရေနှစ်သိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ်
သစ်ပင်စိုက်ပျိုးပွဲ ပုသိမ်၌ကျင်းပ

ပုသိမ် ဇူလိုင် ၁၄

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အခြေခံပညာကျောင်းများ စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက်က ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်၍ အဖိုးတန်ရတနာကျွန်းပင်ကို စိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ဆရာကြီး ဦးလှသန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ များက ရတနာ တန်းဝင် ကျွန်းနှင့် ပျဉ်းကတိုး၊ မဟော်ဂနီ စသည့် သစ်ပင် ၈၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (၀၇၇)

ချောက် ဂျီတီအိုင် ကျောင်းသားဟောင်းများ စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၄

ချောက် ဂျီတီအိုင် ကျောင်းသားဟောင်းများ၏ စုပေါင်းလှူဒါန်းပွဲကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် မကွေးမြို့တို့တွင် ကျင်းပမည်ဖြစ်ရာ မကွေးမြို့ ကျောင်းသားဟောင်းများ၏(၆)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြသလွန်ဘုရားရှေ့ရှိ ဝေဠုဝန်ကျောင်းတိုက်၌လည်းကောင်း၊ နေပြည်တော်၌ ဩဂုတ် ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပျဉ်းမနားမြို့ရှိ ကံဦးကျောင်းတိုက်၌ လည်းကောင်း၊ ရန်ကုန်မြို့၌ ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း (၃)လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော်ကြီး၌လည်းကောင်း ကျင်းပမည်ဖြစ်သဖြင့် ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၄၀၄၉၅၊ ဦးခင်စိုး ဖုန်း-၀၉-၅၁၃၆၄၈၁၊ ဦးကြည်ဝင်း ဖုန်း-၀၉-၅၀၈၃၉၃၄နှင့် ဦးတင်ထွေး ဖုန်း- ၀၉-၄၉၂၀ ၉၈၀၄ တို့ထံသို့ ဆက်သွယ် မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၀၂၇)

ဂွမြို့မဈေး၌ အိုင်အိုဒင်းဆား ရောင်းချမှု စစ်ဆေး

ဂွ ဇူလိုင် ၁၄

ဂွမြို့ မြို့မဈေးနှင့် မြို့ပေါ်(၃)ရပ်ကွက်ရှိ ဈေးဆိုင်များတွင် ဆိုးဆေးပါ စားသောက်ကုန်များနှင့် ရက်လွန်စားသောက်ကုန်များ ရောင်းချမှုမရှိစေရေးနှင့် အိုင်အိုဒင်းဆား အရည်အသွေး ပြည့်မီမှု ရှိ မရှိကို ဇွန် ၃၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ခံ ဦးနေမျိုးအောင် ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ချောင်းသာအထက်တန်းကျောင်းတွင် ဇွန် ၁၁ ရက်က ခြင်ဆေးဖျန်းကြစဉ်။ (မြို့နယ်စည်ပင်)



သီပေါမြို့ မြို့ပေါ်အခြေခံပညာကျောင်း ၁၀ ကျောင်းတို့တွင် ဇွန် ၂၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ဦးဆောင်မှုဖြင့် အဖွဲ့ဝန်ထမ်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် ကျောက်မဲကြီးကျေးရွာ မူလတန်းကျောင်းတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးဇော်နန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့နယ် မြို့မဈေး သားငါးတန်း ခြင်၊ ယင်ပေါက်ပွားမှုမရှိစေရေး အတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး)နှင့်အဖွဲ့ ဆောင်ရွက်မှုကို ဇူလိုင် ၃ ရက်က အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကော့မှူးမြို့နယ် မြို့ပေါ်ရပ်ကွက်ရှိစာသင်ကျောင်းများအား ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးသက်အောင်သန့်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၁၄-၇-၂၀၁၁

လမိုင်းမြို့၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၇ နာရီက လမိုင်းမြို့ ကျိုက်ကျူဘုရားဝင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် ဌာနဆိုင်ရာများ၊ သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ရေတမာ၊ ဆီသပြေ၊ မယ်ဇယ်၊ စိန်ပန်းကြီးနှင့် ယူကလစ်ပျိုးပင် စုစုပေါင်း ၅၀၀ ခန့်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ကျောက်မဲ၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျောက်မဲခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးရွာပိုင်တစ်အုပ်တစ်မစိုက်ခင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး (အပေါ်ပုံ)၊ မြို့နယ်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်၊ ဦးစီးအရာရှိ ဦးဝင်းအောင်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်းပင် ၁၁၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

သစ်ပင်စိုက်ပျိုးပွဲ ရေဦး၌ ကျင်းပ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ရေဦးမြို့နယ်၌ ဇွန် ၅ ရက် နံနက် ၇ နာရီခွဲက ရေဦး-တမာတောလမ်း သံသည်ကျေးရွာအနီး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ရေဦးမြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်း၊ တမာ၊ မန်ကျည်း၊ ယင်းမာနှင့် သရက် ပျိုးပင်ပေါင်း ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

သစ်ပင်စိုက်ပျိုးပွဲ ညောင်ဦးမြို့နယ်၌ ကျင်းပ

ညောင်ဦးမြို့နယ် ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ပုဂံမြို့ အာနန္ဒာဘုရားအနီး မြေကွက်လပ်၌ ဇူလိုင် ၃ ရက်က ကျင်းပရာ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ သစ်တောဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ပြီး ကျွန်း၊ ယူကလစ်၊ တမာ၊ ကုက္ကိုနှင့် မဲဇလီ ပျိုးပင်ပေါင်း ၆၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ ***(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)***

ပွင့်ဖြူ၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့ဘူတာ၌ကျင်းပရာ အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးလှဌေး၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်မိုးဟိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းညွှန့်နှင့် ဝန်ထမ်းများ၊ လက်ခုပ်ကျေးရွာနှင့် ညောင်ပင်ရွာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများက ရတနာတန်းဝင် ကျွန်း၊ ယူကလစ်၊ သပွတ်ကြီး၊ ခရေနှင့် မဲဇလီ စသည့် ပျိုးပင်ပေါင်း ၈၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

ရွာငံ၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရွာငံမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက မြင်းကျဒိုးကျေးရွာအုပ်စု မင်းတိုင်ပင်ကျေးရွာ မိန်းမရဲသခင်မတောင်အဝင်လမ်း၌ ကျင်းပရာ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ပျိုးပင်များကို ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများထံ ပေးအပ်ပြီးနောက် ယူကလစ်၊ ခါတော်မီနှင့် အခြားသစ်ပင်မျိုးစုံ ၂၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (Constitutional Tribunal of the Union) အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးပါဝင်သော ခုံရုံးသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်က ကြားနာပြီးဖြစ်သည့် တင်သွင်းလွှာအမှတ်(၁/၂၀၁၁)အပေါ် အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၁၁
(သောကြာနေ့)
နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + အာဋ္ဌာနာဋိယသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဓမ္မစကြာ** တရားတော် (အောင်စကြာ ဆရာတော်အရှင်စန္ဒသိရီ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၅)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇)
၈:၅၅ **ဘဒ္ဒန္တဉာဏစက္ကမထေရ်မြတ်၏ သက်တော်(၈၈)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ**
၉:၀၅ ဖူးကြတူပျော် တာဝတိံသာတက်ပွဲတော်
၉:၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၉:၄၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်သင်းသင်းလှဲ) (အပိုင်း -၂)
၁၀:၀၀ Sports Dairy
၁၀:၃၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာကောင်းမြတ်ရဲ့ သတို့သမီးဖက်ရှင်)
၁၁:၀၅ ကုသိုလ်ရန့်တို့သင်းပျံ့လှိုင်… Golden Lamps အမွှေးတိုင်
၁၁:၃၀ ရဲယိုနှင့်ကျန်းမာရေး
၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (တော်ဝင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် တွေ့ဆုံခြင်း) (အပိုင်း -၂)
၁၂:၄၀ ထူးမြတ်အလှူ ကုသိုလ်ယူ
၁:၀၀ **ဓမ္မစကြာ** တရားတော် (အောင်စကြာ ဆရာတော်အရှင်စန္ဒသိရီ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ Style ရှိမှ Star ဖြစ်မယ်
၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၅)
၄:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇)
၅:၂၀ ဆံသားကျန်းမာရေးကို သဘာဝကျကျထိန်းသိမ်းတတ်စေဖို့
၅:၃၀ Shinsung Co., Ltd. နှင့် Yangtzekiang Co., Ltd. တို့ ပူးပေါင်းကျင်းပသည့် ပျော်ရွှင်ပွဲ အမှတ်တရ
၅:၄၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (တေးရေးမောင်သစ်မင်း)
၆:၀၀ MRTV -4 သတင်း
၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၆၆)
၇:၁၀ The Champion of Dance
၈:၀၀ MRTV -4 သတင်း
၈:၃၀ မဟာသံ့သရုပ်ရှင်တော် မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ
၈:၄၀ VJ Choice
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၈)
၁၀:၂၅ ဂီတသရုပ်ပြခန်း (ဝင်းပိုင်-အိပ်မက်မက်ခွင့်ပေးပါ)
၁၀:၄၅ အဝိဇ္ဇာအမှောင်ခွင်းဉာဏ်အလင်း ထွန်းပေါ်မြတ်ဓမ္မတရားဂုဏ်တော် [ဣန္ဒာဆွေ ရေးဖွဲ့ပူဇော်သည်]
၁၁:၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (ဖူးစုံနှင့်တွေ့ဆုံခြင်း)
၁၁:၃၀ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
၁၁:၅၀ World of Knowledge (Ancient Mega Structures: Angkor Wat)
၁၂:၃၅ မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
၁၂:၅၅ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥသဖရား) (အပိုင်း -၂)
၁:၁၅ **မျက်ရည်စက်များကင်းစေချင်** အကယ်ဒမီနေအောင်၊ အကယ်ဒမီ ချိုပြုံး၊ မိုးအောင်ရင် ခိုင်ငြိမ်းငြိမ်းစံ ဒါရိုက်တာ-ဒေါက်တာတင်အောင်ရွှေ (သုတေသီ)
၁:၅၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာယုံးယုံးနှင့်တွေ့ဆုံခြင်း)
၂:၁၀ Royal Reward Resort နှင့် သူ၏ ဆုလာဘ်သခင်
၂:၃၀ Shooting Location (မျက်ခြယ်ခြီ)
၂:၅၅ အလှဆင်စရာပရိဘောဂကမ္ဘာ (မြနန်းပုံပရိဘောဂ)
၃:၀၅ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
၄:၀၅ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၄:၁၀ ဒို့တိုင်းဌာနီဧရာဝတီ (ရော်ဘာ၊ ပီလော၊ ငှက်ပျော စိုက်ပျိုးရေးလုပ်ငန်းများ)
၄:၃၅ ပတ္တမြားမြေမှ ကြည်ညိုသပ္ပာယ် ဖွယ်ရာတန်ခိုးကြီးစေတီများ
၄:၄၅ မြစ်သားမြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေကြည်၌ကျင်းပ

ရေကြည် ဇူလိုင် ၁၄

၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက်တွင် ရေကြည်မြို့နယ် တွတ်ပလွတ်-ဘုရားကုန်းလမ်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံလှိုင်၊ သစ်တောဦးစီးအရာရှိနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများတက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပျဉ်းမ၊ ရေတမာ စုစုပေါင်း အပင် ၉၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်သစ်တော)**

✻ ရှေ့ဖုံးမှ

မျှဝေသုံးစွဲခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းအချက်သည် Lancet Series on Health in South-east- Asia ဆွေးနွေးပွဲတွင် အဓိကဖော်ပြထားသည့်အချက် ဖြစ်ပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၈ နာရီက နေပြည်တော် သင်္ဂဟဟိုတယ် Function Hall ခန်းမ၌ ကျင်းပသော Launching Ceremony of Lancet Series on Health in South-east- Asia ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပါမောက္ခဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ၊ Chulalonkon University and CMB Foundation Southeast Asia Programs, Faculty of Tropical Medicine မှ Dr. Piya Hanvoravongchai, ထိုင်းနိုင်ငံ Hat Yai Prince of Sangkla University မှ Professor Virasakd Chongsuvivatwong နှင့် London School of Hygiene and Tropical Medicine, CDPRG မှ Professor Richard Coker နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲကို ကျန်းမာရေးဝန်ကြီးဌာနနှင့် China Medical Board အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၄ ရက်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသော ပြင်သစ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E.Mr.Thierry MATHOU ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လေးမျက်နှာမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာ အခြေခံသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

သာသနာရေး ဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာ အခြေခံသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်း၌ ထူးချွန်ဆုများရရှိကြသည့် သင်တန်းသားများအားဆုများကိုလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသား တစ်ဦးထံသို့လည်းကောင်း ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းအမှတ်စဉ်(၃)သို့ သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ဗဟန်းမြို့နယ် အမက(၁၇)၌ ပညာသင်ယူခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ရာ အကြိုအစည်းအဝေးကို ဇူလိုင် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ကျောင်းအုပ် ဆရာမကြီးဒေါ်ဌေးမာလွင် ဖုန်း-၀၉-၇၃၀၇၉၄၀၆၊ ဆရာမဒေါ်ရီရီနွဲ့ ဖုန်း-၀၁-၅၅၇၁၈၉၊ ဆရာမ ဒေါ်ခင်နီနီအောင် ဖုန်း-၀၉-၅၀၄၇၄၁၁၊ အောင်ကိုဦး ဖုန်း-၀၉-၄၉၃၄၆၂၀၇၊ ခင်ရတနာထွန်း ဖုန်း-၀၉-၄၉၃၂၅၄၀၆၊ သဇင်မြင့် ဖုန်း-၀၉-၅၀၉၈၂၇၆၊ ခိုင်မင်းဦး ဖုန်း-၀၉-၇၃၀၃၅၆၅၀၊ မေသူဦး ဖုန်း-၀၉-၇၃၁၂၆၉၂၀၊ မင်းစည်သူအောင် ဖုန်း-၀၉-၅၀၅၈၁၇၁၊ ခိုင်ငြိမ်းငြိမ်းစံ ဖုန်း-၀၉-၅၁၂၆၅၅၈နှင့် သင်းသင်းလှိုင် ဖုန်း- ၀၉- ၇၃၁၀၅၉၃၅ တို့ထံသို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၁၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ကွန်ပျူတာနှင့် ရုံးလုပ်ငန်း အခြေခံ သင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီတွင် ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၌ ကျင်းပရာညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဝင်ငွေခွန်ဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးစန်းလွင် အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသော ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေးဒေါ်စုစုမွန်၊ ဒုတိယဆုရရှိသော လှိုင်းဘွဲ့မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အကြီးတန်းစာရေး ဦးထွန်းဇော်နှင့် တတိယဆုရရှိသော ကုမ္ပဏီများဆိုင်ရာအခွန်ရုံးမှ အကြီးတန်းစာရေး ဒေါ်ဖြူဖြူမြင့်တို့အား ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(ပြည်တွင်းအခွန်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်အထကခွဲခန်းမ၌ ဇူလိုင် ၅ ရက်က အသက် (၁၀) နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသားကျောင်းသူများကိုယ်စား ဆရာမတစ်ဦးအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မူဆယ်ခရိုင်ဦးစီးမှူး ဦးရဲဝင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(ခရိုင် ပြန်/ဆက်)

မင်းဘူးအသင်း (ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

မင်းဘူး ဇူလိုင် ၁၄

မင်းဘူးအသင်း (ရန်ကုန်)၏ (၁၂)ကြိမ်မြောက် စုပေါင်းအလှူပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်/လယ်ယာဓမ္မာရုံတွင်ကျင်းပမည်ဖြစ်ရာ မြို့နယ်အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ ဖိတ်ကြားထားကြောင်းနှင့်လှူဒါန်းလိုသူများသည် ဗိုလ်မှူးသိန်းနိုင် (ငြိမ်း) ဖုန်း-၀၉-၇၃၀၀၇၀၇၁၊ ဦးဝင်းမောင် ဖုန်း-၆၄၄၅၀၇၊ ဦးကျော်သီဟ ဖုန်း-၅၀၀၅၅၇နှင့် ဒေါ်ခင်စိန်ဝင်း ဖုန်း-၅၆၀၆၁၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးဆောင်ရွက် ပြည်သူလူထု လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

နေပြည်တော် ဇူလိုင် ၁၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသော ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများက စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ပစ္စည်းစီမံရေးနှင့် အင်ဂျင်နီယာ ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားဖြန့်ဖြူးမှု စနစ်တကျဆောင်ရွက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝန်ကြီးဌာနလက်အောက်မှ ရေအားလျှပ်စစ် စက်ရုံများ၊ ဒီဇယ်စက်ရုံများနှင့် ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ပြည်သူလူထုလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေး လုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပျိုးပွဲ အုတ်တွင်း၌ ကျင်းပ

အုတ်တွင်း ဇူလိုင် ၁၄

အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနကဦးဆောင်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက် နံနက်က အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာအုပ်စု ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် အမှတ် (၁၂၆/၆)အနီး၌ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်နှင့် မန်ကျည်းရှားစသည့် အပင်ပေါင်း ၉၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါဆိုလပြည့် တောင်းဆုပြည့်စေ

※ ပုရိမဝါ၊ ချိန်သင့်ခါဝယ်
ရာသီကရကဋ်၊ ပုန်းညက်မြတ်နှင့်
ဆက်ကပ်မသွေ၊ သဒ္ဓါဝေလျက်
"သန္ဓေတောထွက်၊ ဓမ္မစက်" ဟု
ရက်မြတ်ခေါ်တွင်၊ ဝါအဝင်ဝယ်
မြန်ခွင်ပြည်လုံး "ငြိမ်း" စေသော်။

※ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍
အမှောင်ဖယ်ခွင်း၊ ဝါဆိုတွင်းဝယ်
သီတင်းသီလ၊ ဆောက်တည်ကြကာ
တောင့်တရည်သန်၊ ပြည်နိဗ္ဗာန်သို့
ဆုပန်ကောင်းမှု ဒါနပြုသည်
တောင်းဆုပြည့်ဝရစေသော်။

※ ဝါဆိုခါပွဲ၊ ဝတ်မှုန်ကြဲသည့်
လှူပွဲပန်းမုံ၊ ဆင်းရောင်စုံတို့
သုန်သုန်လေညင်း၊ ရနံ့သင်းသည်
မြန်တွင်းပြည်နံ့ မွှေးစေသော်။

※ ဝါဆိုလမှန်၊ ကြံ့ရပြန်ဝယ်
နိုင်ငံတစ်ဝန်း၊ ငြိမ်းအေးချမ်း၍
တင့်ဆန်းဖွံ့ဖြိုး၊ ခေတ်မီတိုးသည်
ရိုးသားကြိုးစား၊ ဒို့လုပ်အားဖြင့်
စွမ်းအားညီညီ၊ အောင်ပွဲချီကာ
နေခြည်ပွင့်လန်း၊ မွှေးသောပန်းသို့
ချမ်းသာသုခ ပြည့်စေသော်။ ။

နှင်းမောင် (ဇီးကုန်း)

မင်္ဂလာဒုံမြို့နယ်၌ ဈေးဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ် ရွှေနံ့သာစံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဈေးဖွင့်ပွဲအခမ်း အနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါဈေး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးမှူး ဦးငြိမ်းထွေးနှင့် ဈေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက အမှာစကားပြောကြားပြီး ရပ်မိ ရပ်ဖ ဦးသိန်းလှိုင်က ဈေးတည်ဆောက်ရေး နှင့်စပ်လျဉ်းသည်များကို ရှင်းလင်း ပြောကြားသည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးနု၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ နေ ပြည်သူများ တက်ရောက်ခဲ့ကြ ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

ပန်းတောင်းသန်းကြွယ်

ဝါဆိုလတွင် မိကျောင်းပန်းများ ဖွေးဖွေးလှုပ် ပွင့်ကြသဖြင့် "ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး မိုးအေးအေး" ဟု ရှေးသူဟောင်းတို့ ဆိုကြသည်။ မိုးများသည်းထန်စွာရွာသဖြင့် လယ်ကွင်းပြင်တစ်ခုလုံး ရေတွေဖွေးနေသောကြောင့် " ဝါဆိုဝါခေါင် ရေဖောင်ဖောင်" ဟု လည်း ဆိုကြသည်။

နေ့ဝါဆို၊ ညပြာသို ဟုဆိုသည့်အတိုင်း ဝါဆိုလတွင် ညတာတို၍ နေ့တာရှည်သည်။ ဝါဆိုလ မွန်းတည့်ချိန်၌ လူရိပ်မထွက်၊ နေပူတွင် ရပ်နေပါက လူရိပ်မှာ လူ့အောက်၌ ပျောက်နေလေ့ရှိသဖြင့် " ဝါဆို လူ့အောက်၊ အရိပ်ပျောက်" ဟု ရှေးလူကြီးတို့က ဆိုစမှတ်ပြုသည်။

ပုဂံခေတ်က ဝါဆိုကို မလွတ်တာ၊ မြွယ်တာ၊ နွယ်တာဟု အမျိုးမျိုး ခေါ်ဝေါ် ရေးသားခဲ့ကြ၏။ လယ်မြေတိုင်းသောလ၊ မြေတိုင်းလ၊ နွေရာသီလွန်ပြီးသောလဟု အဓိပ္ပာယ် သက်ရောက်သည်။ အင်းဝ ခေတ်ရောက်မှ ဝါဆိုဟူသော ဝေါဟာရ တွင်ကျယ်လာသည်။ ဝါဆို ဟူသည် ရဟန်း သံဃာတို့ ဝါဆိုဝါကပ်ပြုတော်မူသောလဟု ဝေါဟာရလီနတ္ထဒီပနီကျမ်းက ဆိုသည်။ 'ဣမသ္မိံ ဝိဟာရေ၊ ဣမံ တေမာသံ ဝဿံဥပေမိ" ဟု ရဟန်းတော်များရွတ်ဆို၍ မိုးသုံးလ ပတ်လုံး အခြားအရပ်သို့ ညဉ့်အိပ်မသွားဘဲ ဤကျောင်း၌နေပါမည်၊ မိုးခိုပါမည်ဟု ဝါဆိုဝါကပ်ပြုတော်မူသောလပင် ဖြစ်သည်။

ရှေးမြန်မာမင်းများလက်ထက်က ဝါဆိုလ၏ ပွဲတော်မှာ ပဉ္စင်းခံ ရှင်ပြုပွဲတော်ဖြစ်သည်။ ဗုဒ္ဓသာသနာတော် တိုးတက်ပြန့်ပွားရေး အတွက် ရည်ရွယ်ကာ ရှေးမင်းများက စည်ကားသိုက်မြိုက်စွာ ကျင်းပ လေ့ရှိသည်။ ၁၈၈၅ ခုနှစ်တွင် ပဒေသရာဇ်ခေတ်ကုန်ဆုံးပြီးနောက် ဝါဆိုလပဉ္စင်းခံ ရှင်ပြုပွဲတော်မှာလည်း ကွယ်ပျောက်ခဲ့ရသည်။ ဝါဆို ပွဲတော်သည် ရာသီပွဲတော်အဖြစ် ပြောင်းလဲရောက်ရှိလာပြီး သံဃာတော်များ ဝါဆိုဝါကပ်ပြုခြင်း၊ ဝါဆိုပန်းခူးခြင်း၊ ဝါဆို ပန်းကပ်ခြင်း၊ ဝါဆိုဆွမ်းကျွေးခြင်း၊ ဝါဆိုသင်္ကန်းကပ်ခြင်း၊ ဘိုးဘွား သက်ကြီးများ ပူဇော်ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ လာခဲ့ကြသည်။

"သန္ဓေတောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ" ဆိုသည့် စကားအတိုင်း ဗုဒ္ဓသာသနာတော်သမိုင်းတွင် ထူးခြားသော ဖြစ်စဉ် ကြီးလေးခုသည် ဝါဆိုလပြည့်နေ့များ၌ ဖြစ်ပေါ်ခဲ့သည်။ ထိုဖြစ်စဉ် (၄)ခုမှာ-

(က) သက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ သန်းခေါင်ယံအချိန်တွင် ကပိလဝတ်ပြည်၌ ဘုရင်သုဒ္ဓေါ ဒနမင်းကြီး၏ ကြင်ရာတော် မဟာမာယာဒေဝီမိဖုရားကြီး ၏ ဝမ်းကြာတိုက်တွင် ဘုရားလောင်း သန္ဓေယူတော်မူခြင်း၊

(ခ) ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီး လေးပါးကို မြင်တွေ့ပြီးသော အခါ သက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညသန်းခေါင်ယံအချိန်၌ တောထွက်တော်မူခြင်း၊

(ဂ) သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး နောက် သက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့ နေဝင်စအချိန်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဟောတော်မူခဲ့ခြင်း၊

(ဃ) သက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့၌ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်ရှိ သရက်ဖြူပင်ရင်းတွင် တိတ္ထိတစ်သင်း အား တန်ခိုးပြာဋိဟာ ပြတော်မူခဲ့ခြင်းတို့ပင်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် သတ္တဌာနတို့၌ တစ်ဌာနလျှင် ခုနစ်ရက်စီ စုစုပေါင်း ၄၉ ရက်တိုင် တရားဓမ္မဖြင့် မွေ့လျော်တော်မူပြီး သဟမ္ပတိ ဗြဟ္မာမင်းကြီး၏ တရားဟောတော်မူရန် လျှောက်ထားတောင်းပန် ချက်ကို လက်ခံတော်မူ၍ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသော ပဉ္စဝဂ္ဂီငါးဦးနှင့်တကွ တစ်သောင်းသော လောကဓာတ်မှ နတ်ဗြဟ္မာ အပေါင်းတို့အား တရားဦးဟောတော်မူရန် မိဂဒါဝုန်တောသို့ ကြွတော်မူသည်။ ထိုနေ့မှာ ဝါဆိုလပြည့် စနေနေ့ ဖြစ်သည်။ ညနေခင်း နေဝင်ဆည်းဆာအချိန်တွင် "ဒွေ မေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိ တဗ္ဗာ" အစရှိသော ဓမ္မစကြာတရားဦးကို ဟောတော်မူလေသည်။

သတ္တဝါတို့သည် သုံးဆယ့်တစ်ဘုံ သံသရာထဲ၌ အိုရ ၊ နာရ၊ သေရသည်။ စားဝတ်နေရေးအတွက် ပူပန်ရသည်။ သားရေး သမီးရေး အတွက် ပူပန်ရသည်။ သောကပရိဒေဝ၊ ဒုက္ခဒေါမနဿတွေနှင့် လုံးချာလိုက်နေကြရသည်။ အဘယ်ကြောင့် သောကတွေဗရပွနှင့် ဒုက္ခတွေ ရောက်နေရသနည်းဟု အကြောင်းရင်းမှန်ကို ရှာလိုက်တော့ အမှန်တရားကိုမသိခြင်း၊ အမှန်တရား ဖုံးကွယ်ခံထားရခြင်း၊ အမှန် တရားခံစားခွင့်အကျိုးထူးကို မခံစားရခြင်းတို့ကြောင့်ပင် ဖြစ်၏။ အမှန်တရားကို ဖုံးကွယ်ထားသူကား အဝိဇ္ဇာတည်း။

ဓမ္မဆိုသည်မှာ သစ္စာလေးပါး အမှန်တရားဖြစ်သည်။ စကြာ ဆိုသည်မှာ စကြာများလို အဆက်မပြတ် လည်ပတ်နေခြင်းဖြစ်သည်။ သစ္စာလေးပါးကို လည်ပတ်အောင်လည်စေ၍ လှည့်၍ဟောပြခြင်းကို ဓမ္မစကြာဟု ခေါ်ခြင်းဖြစ်သည်။အမှန်တရားကို ရှာဖွေတွေ့ရှိရန် အစွန်းမရောက်ဖို့လို၏။ အစွန်းလွတ်ရ၏။ ထို့ကြောင့် မြတ်စွာ ဘုရားရှင်က သစ္စာတရားရှာဖွေသူသည် အစွန်းနှစ်ပါးကို ရှောင်ရ သည်ဟု ဟောတော်မူခဲ့၏။ စည်းစိမ်ခံခြင်း၊ ဇိမ်ခံခြင်းသည် အစွန်းတစ်ဖက်ဖြစ်၏။ ဆင်းဆင်းရဲရဲ၊ ချို့ချို့တဲ့တဲ့၊ ငတ်ငတ်ပြတ်ပြတ် ကျင့်ခြင်းသည်လည်း အစွန်းတစ်ဖက်ဖြစ်၏။ လောဘ သို့မဟုတ် အချစ်သည် အစွန်းတစ်ဖက်ဖြစ်၏။ ဒေါသ သို့မဟုတ် အမုန်းသည် အစွန်းတစ်ဖက်ဖြစ်လေသည်။ ထို့ကြောင့် အမှန်တရားကိုရှာဖွေသူ သည် လောဘ ဒေါသဖြင့် ရှာ၍မရပေ။ ချစ်ခြင်း၊ မုန်းခြင်းတည်း ဟူသော အစွန်းများကို လွတ်အောင်ရှောင်နိုင်မှသာ အမှန်တရားကို တွေ့ရှိမည်ဖြစ်၏။

ဘုရားရှင်က အစွန်းလွတ်သောကျင့်စဉ်ကို ချပြတော်မူသည်။မဇ္ဈိမ ပဋိပဒါကျင့်စဉ်ဟုခေါ်၏။ အလယ် အလတ်ကျင့်စဉ်တည်း။ မဇ္ဈိမ ပဋိပဒါ ကျင့်စဉ်နှင့်အညီ အရာရာကို မှန်မှန်ကန်ကန် လုပ်ကိုင် ဆောင်ရွက်ခြင်းသည် လိုရာကိစ္စပြီးမြောက်ဖို့ရန် သေချာ၏။ အမြန် သမားထက် အမှန်သမားက ရေရှည်တွင် ပို၍ခရီးရောက်သည်ကို တွေ့မြင်ရ၏။ ချမ်းသာလိုလျှင် အမှန်လမ်းကြောင်းကသာ လျှောက် ရ၏။ အစွန်းတရားနှစ်ပါးကိုရှောင်ရ၏။ လောဘစွန်း၊ အချစ် လမ်းကြောင်း၏နောက်ဝယ် တစ်ယူသန်မှုဒိဋ္ဌိ၊ ငါတကော ကောမှု မာနတွေ ပါဝင်နေ၏။ ဒေါသစွန်း၊ အမုန်းလမ်းကြောင်း၏ နောက်ဝယ် မနာလိုမှု ဣဿာ၊ ဝန်တိုမှု မစ္ဆရိယတို့ပါဝင်နေ၏။

မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဟူသည်-

(က) အမြင်မှန်ရရန်အားထုတ်ခြင်း = သမ္မာဒိဋ္ဌိ

(ခ) ကောင်းမြတ်သောကုသိုလ်အကြံအစည်များကိုသာ ကြံစည် ခြင်း = သမ္မာသင်္ကပ္ပ

(ဂ) ကောင်းမြတ်သောစကားကိုသာပြောဆိုခြင်း = သမ္မာဝါစာ

(ဃ) ကောင်းမြတ်သော အပြုအမူကိုသာပြုလုပ်ခြင်း=သမ္မာကမ္မန္တ

(င) အပြစ်မရှိစင်ကြယ်သော အသက်မွေးမှုဖြင့် အသက်မွေး ခြင်း = သမ္မာအာဇီဝ

(စ) မှန်ကန်သော မြတ်သော အားထုတ်မှုကိုသာ ပြုလုပ် ခြင်း = သမ္မာဝါယာမ

(ဆ) မှန်ကန်သော အမှတ်ရမှု၊ သတိရမှုကို ပြုလုပ်ခြင်း = သမ္မာသတိ

(ဇ) မှန်ကန်သော စိတ်တည်ကြည်မှု သမာဓိရရန်အားထုတ် ခြင်း = သမ္မာသမာဓိ

ဟူသော အကျင့်မြတ်ပင်ဖြစ်သည်ဟု ဟောတော်မူလေသည်။

ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူပြီးနောက် အရှင် ကောဏ္ဍညသည် သောတာပန် အရိယာအဖြစ်သို့ ရောက်ရှိကာ မြတ်စွာဘုရားထံ ရှင်ရဟန်းအဖြစ်ကို ရလိုပါကြောင်း တောင်းပန် လျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်က ဧဟိဘိက္ခုခေါ်တော် မူရာ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် တရားရတနာနှင့် သံဃာရတနာတို့ စတင် ပေါ်ပေါက်ရာ နေ့ထူးနေ့မြတ်လည်း ဖြစ်လေသည်။ မြတ်စွာဘုရား တရားဦး ဓမ္မစကြာဒေသနာတော် ဟောတော်မူသည်ကို အကြောင်း ပြု၍ ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့အဖြစ် သတ်မှတ်ကာ ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားတော်နာခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုဆွမ်းကျွေးခြင်း စသည်တို့ကို စည်ကားသိုက်မြိုက်စွာကျင်းပ၍ ကုသိုလ်ကောင်းမှုများပြုကြလေသည်။

မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံ၏ အဆီ အနှစ်မှာ သစ္စာလေးပါးပင်ဖြစ်၏။ ဘုရားရှင် လေးဆယ့်ငါးဝါပတ်လုံး ဟောကြားခဲ့သော တရားအားလုံးသည် သစ္စာလေးပါးကို သိမြင်ဖို့၊ ရရှိဖို့ဖြစ်သည်။ သစ္စာသိမှသာ သစ္စာရှိမည်။ သစ္စာသိမှသာ ကိစ္စ အားလုံးပြီးမြောက်မည်ဖြစ်ရာ ဘုရားရှင်က သစ္စာလေးပါးကို တရားဦး အနေဖြင့် ဟောတော်မူခဲ့ခြင်းဖြစ်၏။

ဒုက္ခသစ္စာ - ဆင်းရဲခြင်းအမှန်တရား
သမုဒယသစ္စာ - ဆင်းရဲကြောင်းအမှန်တရား
နိရောဓသစ္စာ - ဆင်းရဲငြိမ်းရာအမှန်တရား
မဂ္ဂသစ္စာ - ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း အမှန်တရား

ဟူ၍ ဟောကြားခဲ့ခြင်း ဖြစ်၏။ ထိုသစ္စာလေးပါးကို သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်သုံးပါးနှင့် လည်ပတ်သွားအောင် လှည့်လည် ပြသခြင်းသည်ပင် ဓမ္မစက္က - ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားခြင်း ဖြစ်ပါကြောင်း ဖော်ညွှန်းတင်ပြအပ်ပေသည်။ ။

❒ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ စားသောက်ကုန် အထည်အလိပ်နှင့် လူသုံးကုန် ပစ္စည်းဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ နေထိုင်ရေးနှင့် ဆောက်လုပ်ရေး ပစ္စည်းဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ လျှပ်စစ်/အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ သံနှင့် သံမဏိလုပ်ငန်း ဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ ရော်ဘာနှင့် ရော်ဘာ ပစ္စည်း ဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ လူ့စွမ်းအား အရင်းအမြစ်မြှင့်တင် ရေးဆပ်ကော်မတီ၊ စွန့်ပစ်ပစ္စည်း/ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မြှင့်တင် ရေး ဆပ်ကော်မတီ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီတို့ နှင့်ပတ်သက်၍ တိုးတက်မှုရရှိအောင် ဆောင်ရွက်သွားရန် ပြည်ထောင်စု ဝန်ကြီးက ထပ်မံရှင်းလင်းပြောကြား သည်။

ထို့နောက် တက်ရောက်လာကြ သည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးကော်မတီဝင်များ၊ တိုင်းဒေသ ကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီးများ နှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ် လုပ်သူများအသင်းမှ တာဝန်ရှိသူတို့ က စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် ကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ် (၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် အသေးစား၊ အလတ်စားစက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး အတွက်လိုအပ်မည့် ရင်းနှီးငွေရရှိရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား နိုင်ငံတကာ နှင့် ယှဉ်ပြိုင်ရေးအတွက် ISO Standard ရရှိထားရန်လိုအပ်ကြောင်း၊ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းကြိုးပမ်း၍ မြန်မြန်ဆန်ဆန် ဆောင်ရွက်သင့်ကြောင်းဖြင့် ရှင်းလင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

INTERNATIONAL OPEN CHESS TOURNAMENT

ပြိုင်ပွဲ ဆုပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Kirsan Ilyumzhnov၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ပြိုင်ပွဲတွင်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၄

အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော International Open Chess Tournament ပြိုင်ပွဲ၏ Round(9) ပြိုင်ပွဲအပြီး ဆုပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ကျင်းပသည်။

လက်ဆောင်ပေးအပ်

အခမ်းအနားတွင် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Kirsan Ilyumzhnov က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုလက်ဆောင်များနှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်တို့ကို ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်က Challenger Section စစ်တုရင် ပြိုင်ပွဲတွင် သတ္တမ၊ ဆဋ္ဌမ၊ ပဉ္စမနှင့် စတုတ္ထဆုရရှိသူများအား ဆုများကို ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက Challenger Section စစ်တုရင်ပြိုင်ပွဲတွင် တတိယဆုရ တင်ထွန်းဇော်၊ ဒုတိယဆုရ ကျော်ကျော်ဦးနှင့် ပထမဆုရ ချစ်ကိုကိုတို့အား ဆုများကို ပေးအပ်သည်။

International Open Chess Tournament ပြိုင်ပွဲတွင် ပထမ Oliver Barbosa (ဖိလစ်ပိုင်)၊ ဒုတိယ Li Han Bing (တရုတ်)၊ တတိယ Nguyen Van Huy (ဗီယက်နမ်)၊ စတုတ္ထ Atanu Lahiri (အိန္ဒိယ)၊ ပဉ္စမ Richard Bitoon (ဖိလစ်ပိုင်)၊ ဆဋ္ဌမ မျိုးနိုင် (မြန်မာ)၊ သတ္တမ Dinesh Kumar Sharma (အိန္ဒိယ)၊ အဋ္ဌမ မောင်မောင်လတ် (မြန်မာ)၊ နဝမ Mari Joseph Turqueza (ဖိလစ်ပိုင်) နှင့် ဒသမ ဇော်ဝင်းလေး(မြန်မာ)တို့ ရရှိကြသည်။ ယင်းပြိုင်ပွဲတွင် အကောင်းဆုံးမြန်မာအားကစားသမားဆုရရှိကြသူများမှာ ပထမ ဝင်းဇော်ထွန်း၊ ဒုတိယ မြင့်ဟန်နှင့် တတိယ ဇေယျာတို့ဖြစ်ကြပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ဆွတ်ခူး

ပြိုင်ပွဲတွင် အတိုးတက်ဆုံးလူငယ်အားကစားသမားဆုကို သုတဦး (အထက-၁ ဒဂုံ)က ဆွတ်ခူးရရှိသွားသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့် International Open Chess Tournament ပြိုင်ပွဲ စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတကာ စစ်တုရင်ပြိုင်ပွဲသုံး နာရီများ ဝယ်ယူရန်အတွက် ဦးသန်းညွန့်(နောင်ရိုးစစ်တုရင်ကလပ်)က ငွေကျပ် ၁၂ သိန်း ငါးသောင်း၊ ဦးပြည့်ဝထွန်းက ငွေကျပ်ရှစ်သိန်းနှင့် မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမားဟောင်း ဦးဝင်းထွန်းက ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာဖိတ်ခေါ်ပြိုင်ပွဲ မြန်မာဂျူဒိုအားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၄

နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အတွေ့အကြုံနှင့် စွမ်းရည်များ တိုးတက်လာစေရန်ရည်ရွယ်ပြီး မြန်မာဂျူဒိုအားကစားအဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၁၀ ရက် မှ ၁၁ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာဂျူဒို အားကစားအဖွဲ့သည် ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပြိုင်ပွဲ၌ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် အစဉ်အလာကောင်း ရှိခဲ့သည်။ ယခု ဖိတ်ခေါ်ပြိုင်ပွဲ၌လည်း ဆုတံဆိပ်များ ရယူနိုင်မည်ဟု မျှော်မှန်းထားသည်။

မြန်မာဂျူဒို အားကစားအဖွဲ့တွင် ဂျူဒိုအားကစားမယ်ရှစ်ဦးပါဝင်မည်ဖြစ်သည်။ ၎င်းအားကစားမယ်ရှစ်ဦးမှာ မစဲလ်ဝီး(၄၈ ကီလိုတန်း) စက်မှု (၁)၊

သတင်းမှတ်စု
မောင်မောင်မြင့်ဆွေ

မခင်ခင်စု (-၄၈ ကီလိုတန်း) စက်မှု(၁)၊ မသဉ္ဇာစိုး (-၅၂ ကီလိုတန်း) ရထား၊ မဇင်မီမီသန်း (-၅၇ ကီလိုတန်း)ရထား၊ မအိဖြူစင် (-၆၃ ကီလိုတန်း) စက်မှု(၁)၊ မသန္တာဝင်း (-၇၀ ကီလိုတန်း) စက်မှု (၁)၊ မအေးအေးအောင် (-၇၈ ကီလိုတန်း) စက်မှု (၁)၊ မခင်မျိုးသူ (+၇၈ ကီလိုတန်း) ရထားတို့ ဖြစ်ကြသည်။

နေ့စဉ်လေ့ကျင့်

မြန်မာဂျူဒို အားကစားမယ်များသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပြိုင်ပွဲတွင် အဓိကပြိုင်ဘက်များဖြစ်ကြသည့် တရုတ်၊ ဂျပန်နှင့်ကိုရီးယား ဂျူဒိုအားကစားသမားများအား အနိုင်ရရှိရေးအတွက် မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်၌ နေ့စဉ်လေ့ကျင့်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။ ။

(မြန်မာ့အလင်း)

မြင့်မောင်စိုး - စုစည်းသည်

အိုင်ဗရီကိုစ်တိုက်စစ်မှူး ဂါဗင်ဟို အာဆင်နယ်အသင်းနှင့် စာချုပ်

လန်ဒန် ဇူလိုင် ၁၄

ပြင်သစ်ကလပ် လီလီမှ အိုင်ဗရီကိုစ် တိုက်စစ်မှူး ဂါဗင်ဟိုအား စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း အာဆင်နယ်အသင်းက ဇူလိုင် ၁၃ရက်တွင် အတည်ပြု ပြောကြားသည်။

တိုက်စစ်မှူး ဂါဗင်ဟိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက လီလီအသင်းကို ပြင်သစ်လိဂ်ဖလား ဆွတ်ခူးနိုင်အောင် အဓိကစွမ်းဆောင်ပေးနိုင်ခဲ့ပြီး စုစုပေါင်း ၁၅ဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။

ဂါဗင်ဟိုသည် ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲတွင် အိုင်ဗရီကိုစ်အသင်းကို အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်ကစားခဲ့သူလည်းဖြစ်သည်။ အာဆင်နယ်က ၎င်းအပါအဝင် အိုင်ဗရီကိုစ်ဘောလုံးသမား နှစ်ဦး ခေါ်ယူထားသည်။

၎င်းမတိုင်မီက အီမန်နျူရယ် အီဘိုး သည် အာဆင်နယ်အသင်းနှင့် အတူ ကစားလျက်ရှိသည်။

(အင်တာနက်)

အမျိုးသမီးကမ္ဘာ့ဖလားဗိုလ်လုပွဲ ဂျပန်နှင့် အမေရိကန်တွေ့မည်

ဘာလင် ဇူလိုင် ၁၄

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ အမေရိကန်အသင်းနှင့် အာရှသူဂျပန်အမျိုးသမီးအသင်းတို့ တက်ရောက်ခဲ့ရာ ဇူလိုင် ၁၇ရက်(တနင်္ဂနွေနေ့)တွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရေပန်းစား

အမေရိကန်အမျိုးသမီးအသင်းသည် ပြင်သစ်အမျိုးသမီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ အမေရိကန်အမျိုးသမီးအသင်းသည် ၁၉၉၁ ခုနှစ်နှင့် ၁၉၉၉ခုနှစ်များတွင် ဗိုလ်စွဲခဲ့ခြင်းကြောင့် ယခုနှစ်တွင်လည်း ဗိုလ်စွဲရန် ရေပန်းစားနေသည်။

ဂျပန်အမျိုးသမီးဘောလုံးအသင်းသည် အကြိုဗိုလ်လုပွဲတွင် ဆွီဒင်အမျိုးသမီးဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

တက်ရောက်နိုင်

အမေရိကန်အမျိုးသမီးအသင်းအတွက် နောက်တန်းနှင့်ဂိုးသမားကောင်းမွန်ခြင်းသည် အဓိက အားသာချက်ဖြစ်သည်။ တိုက်စစ်တွင် ရုံဖန်ရံခါ ထိုးဖောက်ခဲ့သောအခွင့်အရေးကို အမိအရအသုံးချနိုင်ခဲ့သဖြင့် အမေရိကန်တို့ပြိုင်ဘက်အသင်းများကိုနိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဂျပန်အမျိုးသမီးအသင်းအနေဖြင့် သက်လုံကောင်းသောလူငယ်အမျိုးသမီးများနှင့်ဖွဲ့ထားမှု၊ လျင်မြန်သွက်လက်သည့် ကစားကွက်များဖြင့် ထိုးဖောက်နိုင်မှုတို့ကြောင့် ပြိုင်ဘက်အမေရိကန်ကို အကောင်းဆုံးခြိမ်းခြောက်ကစားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ (အင်တာနက်)

ဆွီဒင်အသင်းဘက်သို့ ဂျပန်တိုက်စစ်မှူး ကင်ဂါ၏ ထိုးဖောက်ကစားဟန်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဘားအံမြို့နယ် ဝဲကြီး-ရေကျော် ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇွန် ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်ဝင်းတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့ ဇရာဦးပန်းခြံသာယာလှပရေးအတွက် အငယ်တန်း အင်ဂျင်နီယာ-၂ ဦးမြင့်အောင်နှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၁ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် အောင်ဇေယျာသံလမ်းမှ တော်ဝင်နန်းလမ်းဆုံအထိ သံပိုက်ဆွေးများအစား ခြောက်လက်မ ပီဗွီစီပိုက်များ လဲလှယ်ခြင်းကို ဇွန် ၂၁ ရက်က အမှုဆောင်အရာရှိဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘုတလင်မြို့နယ် ဆုံကုန်း-တရော်တောလမ်း ဂျင်းကျောက်လမ်းခင်းရန်အတွက် ဂျင်းကျောက်စုပုံထားရှိမှုကို ဇွန် ၂၁ ရက်က ဘုတလင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းအောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့အဝင် မြေယာရှုခင်းအလှ ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇူလိုင် ၅ ရက်က ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သား၊ ငါး ကုန်ထုတ်လုပ်ငန်းအသင်း ဖွဲ့စည်းရေး သံဖြူဇရပ်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

သံဖြူဇရပ် ဇူလိုင် ၁၄

မွန်ပြည်နယ်အတွင်း သား၊ ငါးကုန်ထုတ်လုပ်ငန်းအသင်း ဖွဲ့စည်းရေးအတွက် ဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး၊ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်မောင်၊ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာ ညွှန့်ဝေတို့ တက်ရောက်ပြီး ကျိုက္ခမီမြို့ရှိ ငါးကွမ်းရှပ် ငါးကုန်ထုတ်လုပ်ငန်းအစုအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းရှင်များအား အသင်းဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မုဒုံမြို့ ဗဟိုစိုက်ပျိုးရေးခြံအတွင်းရှိ ပေါင်းစည်းလယ်ယာအဖြစ် ဆောင်ရွက်မည့်နေရာတွင် ငါးကန်များ တူးဖော်ဆောင်ရွက်သည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် တွေ့ဆုံကာ သား၊ ငါး ထုတ်လုပ်မှုတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

(ငါးလုပ်ငန်းဦးစီး)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ ဇူလိုင် ၁၄

ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက် ၈ နာရီခွဲက ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာအုပ်စု နောင်ဆာ ကျေးရွာ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက တက်ရောက်လာကြသော ဒေသခံပြည်သူများအား ပျိုးပင်များကိုပေးအပ်ပြီး ရတနာတန်းဝင် ကျွန်း၊ ယူကလစ်နှင့် ချယ်ရီ စုစုပေါင်း အပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

သီပေါ၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သီပေါ ဇူလိုင် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက်က စံလောင်းကျေးရွာတွင်ကျင်းပရာ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေးဝဲယာနှင့်မြေလွတ်မြေလပ်နေရာများ၌ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးသန့်ကြည်၊ စံလောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရဲမြင့်နှင့် ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်း ၁၁၈၂ ပင်နှင့် ယူကလစ်အပင် ၁၉၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(၀၇၂)



ဂုဏ်ပြုဆုချီးမြှင့်

ဇွန် ၁၈ရက်က ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူ ၅၃ ဦးတို့အား ရပ်မိရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ရာ ရပ်မိရပ်ဖအဖွဲ့ဝင် ဦးကာစီက လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရသူများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄၂)

ပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဧကရီခန်းမတွင် ဇူလိုင် ၁၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်ထွေးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

ရှင်းလင်းပြောကြား

ငါးသယံဇာတ ထိန်းသိမ်းရေး ဟောပြောပွဲကို ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက်က ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်မိုးဆွေက ငါးသယံဇာတပြုန်းတီးမှု မရှိစေရေးအတွက် ငါးရစ်ငါးသန် ငါးများ ဖမ်းဆီးခြင်းမပြုကြရေး၊ အဆိပ်ချ၊ မိုင်းခွဲနည်းဖြင့် ငါးဖမ်းဆီးခြင်း မပြုကြရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများကို ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

လှိုင်လင် ဇူလိုင် ၁၄

ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့် အာဆီယံသွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက်နံနက် ၉ နာရီက လှိုင်လင်ခရိုင် ကာလိမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းဦးက အမှာစကား ပြောကြားပြီး တာဝန်ခံဆရာဝန် ဒေါက်တာ ဝင်းဇော်မိုးက ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာများကို ပညာပေးဟောပြောသည်။ ထို့နောက်ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများက ဆေးစိမ်ခြင်ထောင်အသုံးပြုပုံများကို လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။ (၀၆၀)

ကျိုက်လတ်မြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ အမှတ် (၂၀/၄၃ စီ) ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန်နှင့် လှူဒါန်းလိုပါက ဦးမောင်ညိမ်း ဖုန်း-၆၆၇၁၃၃၊ ဦးသိန်းလွင် ဖုန်း-၂၅၁၂၇၅၊ ဦးကျော်မြင့် ဖုန်း-၂၆၉၂၀၁၊ ဦးတင်ရွှေ ဖုန်း-၅၃၆၄၇၂၊ ဦးကျော်ရင် ဖုန်း-၅၆၀၅၂၀၊ ဦးတင်စော ဖုန်း-၀၉-၅၁၈၄၇၈၅၊ ဦးအောင်ဆန်း ဖုန်း-၅၅၃၄၃၅ နှင့် အသင်းရုံး ဖုန်း-၅၀၁၅၁၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၀၅၂)

နောင်ချို၌ ရေစုကန် တည်ဆောက်

နောင်ချို ဇူလိုင် ၁၄

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မအူပင်ရေထွက် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးထွန်းမြင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ ရေစုကန်မှာ အလျား ၁၆ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၅ ပေရှိပြီး လုပ်ငန်းပြီးစီးပါက ပြည်သူများသန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၅-၇-၂၀၁၁

(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၄။ အဖွင့်သီချင်း
- ၄း၀၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၀ ၆။ မဟာဂီတ ချိုကြည်မြ
- ၇း၂၀ ၇။ ပညာပေးဇာတ်လမ်းတို
- ၄း၃၀ ၈။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၄၀ ၉။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၁၀။ အိုင်စီတီသုတ
- ၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၂။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ - ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း -၁၉)
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၅။ **ရွှာ** ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၆။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၄၂)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဒို့တာဝန်အရေး(၃)ပါး
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ စိုက်ပျိုးသုတ
- ၂၄။ သံစဉ်များနှင့်ကမ္ဘာ
- ၂၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၃၃)
- ၂၈။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော မြို့တွင်းရေပိုက်လိုင်းများ ပြုပြင်သွယ်တန်းခြင်းလုပ်ငန်းကို အင်ဂျင်နီယာမှူးဦးတင်မောင်စိုး ကြီးကြပ်လျက် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာစိုးနှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။ (၀၇၁)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာ့အလင်း စာတည်းထံပေးစာများ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မော်လမြိုင်ကျွန်းမြို့ အောင်ဆန်း(၇)လမ်းထိပ်ရှိ ထမင်းဆိုင်တစ်ဆိုင်သည် နေ့စဉ် စွန့်ပစ်သော အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကို အနီးရှိ ရေမြောင်းအတွင်း စည်းကမ်းမဲ့ စွန့်ပစ်နေပါသဖြင့် ရေမြောင်းများပိတ်ဆို့ပြီး ပတ်ဝန်းကျင်တွင် အနံ့အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

သုံးဘီးဆိုင်ကယ်ဂိတ် ရွှေ့ပေးစေလို

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ အမှတ်(၂)ရဲစခန်း မျက်နှာစာနှင့်တောင်ဘက် ခွာညိုလမ်းသွယ်ပေါ်တွင် တရားမဝင်သုံးဘီးဆိုင်ကယ်ဂိတ်ကို လမ်းပိတ်၍ ဖွင့်လှစ်ထားပါသဖြင့် လူအများသွားလာရန် အခက်အခဲများရှိပြီး ယာဉ်တိုက်မှုဖြစ်နိုင်ပါသဖြင့် အဆိုပါ သုံးဘီးဆိုင်ကယ်ဂိတ်ကို သင့်တော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသားများ**

ကျူးကျော်လူနေအိမ်များကြောင့် မီးဘေးစိုးရိမ်နေရ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၇)ရပ်ကွက် မောင်းမကန်ကမ်းသာလမ်းနှင့် ပုလဲကျွန်းလမ်းထောင့်ရှိ နိုင်ငံပိုင်မြေကွက်များနှင့် အများပြည်သူသုံးရေကန်၊ ကန်ပေါင်များပေါ်တွင် တရားမဝင်ကျူးကျော်လူနေအိမ်နှင့် ဝက်မွေးမြူရေးတဲများ ဆောက်လုပ်နေထိုင်ခြင်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ဗဟန်း၊ ရွှေဂုံတိုင်မီးပွိုင့်အနီး
2BN, 6100sqft, ပိုင်ရှင် အမည်ပေါက်
ဘိုးဘွား၊ နေရာကောင်း။
ဖုန်း-၀၉-၅၁၉၁၃၈၀

Air-Con
အဟောင်းအပျက်များ ဈေးကောင်း ပေးဝယ်သည်။
ကိုမောင်မောင်တင်
ဖုန်း-၀၉-၅၀၈၅၈၅၀၊ ၀၉-၇၃၀၉၅၉၅။





ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်မြို့၊သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ ၂ လမ်းအရှေ့၊မြေကွက် အမှတ် ၁၁၉၀-ခ၊ ဧရိယာ၀ ဒသမ၀၂၇ဧက၊ အလျားပေ ၂၀×အနံပေ ၆၀၊ စတုရန်းပေ ၁၂၀၀၊ နှစ်၆၀ဂရန် မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများထံမှ ကျွန်မဒေါ်ခင်မာဦး ၉/ကပတ(နိုင်)၁၅၁၉၉၁သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်ခင်မာဦး ၉/ကပတ(နိုင်)၁၅၁၉၉၁
ဖုန်း-၀၉-၅၀၆၇၃၉၅

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၃၇၄၊ မြေကွက်တည်နေရာအမှတ် ၃၇၄၊ အောင်သစ္စာလမ်း၊ ၂၉ ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ ဦးစံထွန်းအေး (AJ.002487) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံထွန်းအေး ကွယ်လွန်သဖြင့် ဒေါ်အေးတင်ငွေ ၁၂/သဃက(နိုင်) ၀၃၀၂၀၈ က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အမည်ပြောင်း
ဦးကြည်သိန်း၏သမီး အထက(ခွဲ) တကောကန်ကျောင်း တက္ကသိုလ်ဝင်တန်း ဘောဂတွဲတွင် ပညာသင်ကြားနေသော မအမာသီမှ မအင်ကြင်းဖြူဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း
အထက(၁)မြောင်းမြ၊ ဆဋ္ဌမတန်း (D)မှ ဦးဝေဇင်၏သမီး မမြတ်ကေခိုင်အား ယနေ့မှစ၍ မဖြူနုခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၂၈၅၊ မြေကွက်တည်နေရာ အမှတ်၂၈၅၊ သီတာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံ (ဦးဝင်းနိုင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝင်းနိုင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်မြင့် ၁၂/ဒပန(နိုင်)၀၄၁၅၂၆က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းသွယ်(၁)၊ အမှတ် ၉၁ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၀၀A)၊ လူနေရပ်ကွက်အမှတ် စ၂၄၄၊ မြေကွက်အမှတ် (၄၅/ခ၁)၊ မြေဧရိယာ ၀ဒသမ၀၆၅ဧကရှိ မြေပိုင်မြေ/အိမ်ရာမြေ၃(ခ)ရပြီး မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် တစ်ဦးတည်းအမည်ပေါက် ပိုင်ဆိုင်သူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးရီ (LL.B) **ဒေါ်လှလှခိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃) **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
တိုက်(၉/၁၁)၊ အခန်း(၂၀၁-အေ) ဒုတိယထပ်၊ ၃၆လမ်း (အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြင်ဆင်ဖတ်ရှုပါရန်
၁၄-၇-၂၀၁၁ရက်ထုတ် ဤသတင်းစာ စာ-၁၂ပါ အမှတ်(၂) လျှပ်စစ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အိတ်ဖွင့်တင်ဒါကြော်ငြာတွင် တင်ဒါပိတ်ရက်ကို ၂၉-၇-၂၀၁၁ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။



ကျေးဇူးဆပ်ပါမည်
ကျွန်တော် စောဆွီဒင်၏ နိုင်ငံကူးလက်မှတ် ၅၉၄၉၀၃ သည် ခရီးသွားလာရင်း ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း- ၀၉-၄၉၇၅၂၃၃၉**

အမည်ပြောင်း
အထက(၁)မြောင်းမြ၊ ဆဋ္ဌမတန်း (D)မှ ဦးဝင်းကြိုင်၏သမီးမအင်ကြင်းပိုင်အား ယနေ့မှစ၍ မခင်အိအိ ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

တရုတ်၌ တံတားတစ်စင်းပြိုကျ တစ်ဦးသေဆုံး၊ ၂၂ ဦး ဒဏ်ရာရ

ဖူကျို့ ဇူလိုင် ၁၄

တရုတ်နိုင်ငံ ဖူကျန်းပြည်နယ် အရှေ့ပိုင်းတွင် ဇူလိုင် ၁၄ ရက်က တံတားတစ်စင်းပြိုကျမှု ဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဝူယီရှန်မြို့ရှိ ဝူယီရှန်ဂွန်ဂန်တံတား၌ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည် ၂၃ ဦး တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး ဖြတ်သန်းမောင်းနှင်စဉ် ပြိုကျခဲ့ခြင်းဖြစ်ရာ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးထားသည်။ ၎င်းတံတားသည် အရှည် ၃၀၁ မီတာနှင့် အကျယ် ၁၈ မီတာရှိပြီး ဝူယီရှန်တောင်တန်းအပန်းဖြေစခန်းနှင့် အမှတ် ၁၀၁ ပြည်နယ်အဝေးပြေးလမ်းမတို့ ဆက်သွယ်ထားသောတံတားဖြစ်သည်။ အဆိုပါတံတားကို ၁၉၉၆ ခုနှစ် နိုဝင်ဘာလက စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်၌ စတင်ဖွင့်လှစ်ခဲ့သည်။ **(အင်တာနက်)**

ဗြိတိန်အရှေ့ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား

လန်ဒန် ဇူလိုင် ၁၄

ဗြိတိန်နိုင်ငံအရှေ့ပိုင်း လင်ကွန်းရှိုင်းယားအရပ်တွင် ဇူလိုင် ၁၃ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိန်ရဲတပ်ဖွဲ့က ဇူလိုင် ၁၄ ရက်၌ ပြောကြားသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူနာတင်ယာဉ်များရောက်ရှိကာ ကယ်ဆယ်ရေးနှင့် စစ်ဆေးရေးများ ပြုလုပ်လျက်ရှိသည်။

၎င်းပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သို့ဖြစ်ရသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှာ လင်ကွန်းရှိုင်းယားအရပ်ရှိ စက်မှုလုပ်ငန်းတစ်ခု၌ ဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်

အိန္ဒိယနိုင်ငံ၌ ဗုံးများပေါက်ကွဲ၊ ၂၁ ဦးသေဆုံး

နယူးဒေလီ ဇူလိုင် ၁၄

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ စီးပွားရေးအချက်အချာအရပ်တွင် ဇူလိုင် ၁၃ ရက်က ဗုံးပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားရာ ၂၁ ဦးသေဆုံးပြီး ၁၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ **(အပေါ်ပုံ)**

ဗုံးပေါက်ကွဲမှုမှာ ဇူလိုင် ၁၃ ရက် ညနေ ၆ နာရီ ၅၄ မိနစ်နှင့်၇ နာရီ ၅ မိနစ်အကြားတွင်ဖြစ်ပွားပြီး ပထမဆုံးပေါက်ကွဲမှုမှာ မွမ်ဘိုင်းမြို့တောင်ပိုင်း၌ဖြစ်သည်။ ဒုတိယဗုံးပေါက်ကွဲမှုမှာ မွမ်ဘိုင်းမြို့တောင်ပိုင်းရှိ ဇာတ်ရုံ၌ဖြစ်ပြီး တတိယဗုံးပေါက်ကွဲမှုမှာ မွမ်ဘိုင်းမြို့လယ် ဒါဒါဝက်ဇ်အရပ်ရှိ ဘတ်စ်ကားမှတ်တိုင်တွင်ဖြစ်သည်။

ဗုံးပေါက်ကွဲမှုများကြောင့် မွမ်ဘိုင်းမြို့ရှိ လမ်းမကြီးများတွင် ရဲတပ်ဖွဲ့ဝင်များ ပိတ်ဆို့စစ်ဆေးလျက်ရှိသည်။ ဒဏ်ရာရရှိသူများအား ဆေးရုံသို့တင်ပို့ထားရာ သေဆုံးသူဦးရေတိုးလာဖွယ်ရှိကြောင်း ၎င်းတို့ကပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**

ဘရာဇီး၌ လေယာဉ်ပျက်ကျ၊ ၁၆ ဦးသေဆုံး

ဘရာဆီးလီးယား ဇူလိုင် ၁၄

ဘရာဇီးနိုင်ငံ ပါနမ်ဘူကိုပြည်နယ် မြို့တော်ရီစီဖီအနီးတွင် ဇူလိုင် ၁၃ ရက်က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ၁၆ ဦး သေဆုံးခဲ့ကြောင်း ဘရာဇီးလေတပ်အရာရှိများက ဇူလိုင် ၁၄ ရက်၌ ပြောကြားသည်။ **(ဝဲပုံ)**

၎င်းလေယာဉ်သည် အယ်လ်အီးတီ-၄၁၀အမျိုးအစားဖြစ်ပြီး နိုယာလေကြောင်းပိုင်ဖြစ်သည်။ အဆိုပါလေယာဉ်မှာ ဇူလိုင် ၁၃ ရက် နံနက် ၆ နာရီ ၅၁ မိနစ်က ဘရာဇီးနိုင်ငံမြောက်ပိုင်းကမ်းခြေမြို့ဖြစ်သည့် နာတယ်မြို့သို့ လေယာဉ်အမှုထမ်းနှစ်ဦးနှင့် ခရီးသည် ၁၄ ဦးအား တင်ဆောင်ကာ ပျံသန်းရန် လေဆိပ်မှ ပျံတက်ပြီး သုံးမိနစ်ခန့်အကြာ ပျက်ကျခဲ့ခြင်းဖြစ်သည်။

သေဆုံးသူခရီးသည်များမှာ အမျိုးသားကိုးဦးနှင့် အမျိုးသမီးငါးဦးတို့ဖြစ်ကြောင်း၊ တွဲဖက်လေယာဉ်မှူးနှင့် လေယာဉ်မှူးတို့လည်းသေဆုံးခဲ့ကြောင်း၊ ၎င်းလေယာဉ်သည် ချက်သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် လေယာဉ်သစ်တစ်စင်းဖြစ်ပြီး တစ်နှစ်ခန့်သာ အသုံးပြုရသေးသည့် လေယာဉ်ဖြစ်ကြောင်း သိရှိရသည်။ **အမ်အင်န်အေဆင်ဟွာ**

မိုး သတိ ပြု

ဖခင်အမည်မှန်
ရွှေပြည်သာမြို့နယ် အထက(၂)၊ ပဉ္စမတန်း(C)မှ မတန်ဇီရမ်နှင့် ပထမတန်း (B)မှ မခေါ်ရမ်တို့၏ ဖခင်အမည်မှန်မှာ ဦးရမ်တန်(ခ) ဦးမရမ်တန် ၁/ပတအ(နိုင်) ၀၂၀၇၀၅ ဖြစ်ပါသည်။

ဖခင်အမည်မှန်
မန္တလေးတိုင်း ဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ အထက(ခွဲ) ဂျိုးရှာ တက္ကသိုလ်ဝင်တန်း(A)မှ မောင်သက်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝေ ဖြစ်ပါသည်။
ဦးမြင့်ဝေ
၅/ငဇန(နိုင်)၀၁၁၂၈၂

နိုင်ငံတကာသတင်းအတိုအထွာ

ကောင်းမြတ်သူ - စုစည်းသည်

နျူကလီးယား ကင်းစင်ရေး ဂျပန်ကြိုးပမ်းမည်

တိုကျို ဇူလိုင် ၁၄

ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်က ငလျင်နှင့် ဆူနာမီကြောင့် ဖူကူရှီးမားရှိ နျူကလီးယားဓာတ်အားပေးစက်ရုံများ ထိခိုက်ပျက်စီးမှု ဖြစ်ခဲ့ပြီးနောက် နျူကလီးယားပြဿနာကျော်လွှားနိုင်ရန် အနာဂတ်တွင် နျူကလီးယားကင်းစင်နိုင်ငံဖြစ်ရေး ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်းက ဇူလိုင် ၁၃ ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယတို့ ပူးတွဲသန်းခေါင်စာရင်း ကောက်ယူ

ဒါကာ ဇူလိုင် ၁၄

ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့သည် နယ်နိမိတ်အငြင်းပွားမှုပြဿနာများဖြေရှင်းနိုင်ရန် ယင်းတို့၏ နယ်စပ်မျဉ်းတစ်လျှောက်တွင် နေထိုင်ကြသည့် ပြည်သူများအား ပထမဆုံးအကြိမ် သန်းခေါင်စာရင်းကောက်ယူမှုကို ဇူလိုင် ၁၄ ရက်က စတင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ *(အင်တာနက်)*

မက္ကဆီကို၌ အဆိုးရွားဆုံး အကြမ်းဖက်မှုဖြစ်ပွား

***မက္ကဆီကိုစီးတီး** ဇူလိုင် ၁၄*

မက္ကဆီကိုနိုင်ငံ စီဒက်ဂွါရက်မြို့တွင် ဇူလိုင် ၁၂ ရက်က မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၂၁ဦး သေဆုံးခဲ့ရာ ယခုနှစ်အတွင်းထိုနေ့သည် အဆိုးရွားဆုံးအကြမ်းဖက်မှုဖြစ်ပွားသည့်နေ့ ဖြစ်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇူလိုင် ၁၄ ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရောင်းသူနှင့်ဝယ်သူ ပြုံးပန်းတူညီစွာ ပွင့်လန်းဝေဆာခဲ့သည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီး

နေပြည်တော် ဇူလိုင် ၁၄

၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီးကား ဇူလိုင် ၁၃ ရက် ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပေပြီ။ ကျင်းပပြီးလျှင်ပြီးချင်းမှာပင် ဝသန်မိုးက သည်းသည်းဖြိုင်ဖြိုင်ရွာသွန်းလိုက်သည်။ အထူးရောင်းချပွဲကြီး အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ခဲ့ခြင်းကို နတ်ဒေဝတာများက ဝမ်းမြောက်ဝမ်းသာကောင်းချီးထောမနာပြုလိုက်သည့်ပမာ အောင်ရေအောင်မိုး ရွာသွန်းဖြိုးခြင်းပင်တည်း။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က ကိုယ့်ဝန်ကိုယ့်တာကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့်အတွက် ယခင်ပြပွဲများကထက် ကာလပိုမိုရှည်လျားစွာ ကျင်းပခဲ့သည့် အထူးရောင်းချပွဲကြီးသည် အစစအရာရာ ဟာကွက်မရှိပြီးပြည့်စုံစွာ အောင်မြင်မှု ရရှိခဲ့ပေပြီ။ ကာလပိုမိုရှည်လျားသကဲ့သို့ ပြသရောင်းချပေးခဲ့သည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအရေအတွက်ကလည်း ပိုမိုများပြားခဲ့သည်။ အရေအတွက် ပိုမိုများပြားလာသကဲ့သို့ ရောင်းချရမှုသည်လည်း ပိုမိုများပြားလာခဲ့ပြီး ရောင်းချရသည့်ဈေးနှုန်းမှာ ယခင်ကထက် ပိုမိုမြင့်မားစွာရရှိခဲ့ကြောင်း ရွှင်လန်းအားရဖွယ် သတင်းစကားကြားသိရသည်။

ပြသရောင်းချ

မဏိရတနာကျောက်စိမ်းခန်းမကြီး၌ ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိကျင်းပခဲ့သည့် အဆိုပါ အထူးရောင်းချပွဲကြီးတွင် ပုလဲအတွဲပေါင်း (၃၅၅)တွဲ၊ ကျောက်မျက်ရတနာအတွဲပေါင်း(၂၈၄)တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း (၂၂၁၇)တွဲကို ပြသရောင်းချပေးခဲ့သည်။ ယင်းအရေအတွက်များမှာ ယခင်ကျင်းပခဲ့သည့် *စာမျက်နှာ ၄ ကော်လံ ၁* ■

ဈေးပြိုင်စနစ်ဖြင့်ဝယ်ယူနေကြသည့် ရတနာကုန်သည်များကို ဤသို့တွေ့ရသည်။

သတင်းဆောင်းပါး – ရန်ကြီးအောင်
ဓာတ်ပုံ – ရန်ကြီးအောင်၊ ထိန်နန်နော်

မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၁၄

ဟုမ္မလင်းမြို့	၄ ဒသမ ၀၈ လက်မ
ခန္တီးမြို့	၃ ဒသမ ၈၆ လက်မ
ပူတာအိုမြို့	၃ ဒသမ ၇၀ လက်မ
မြိတ်မြို့	၃ ဒသမ ၄၃ လက်မ
ကော့သောင်းမြို့	၃ ဒသမ ၂၃ လက်မ
ရေးမြို့	၃ ဒသမ ၁၅ လက်မ
ကျောက်ဖြူမြို့	၂ ဒသမ ၉၉ လက်မ